# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 3 June 2025 ၁၁၈၃၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### လျှပ်ဒဏ် သင့်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၅၀ နှင့် သီလရှင်ကျောင်း ၅၀ သို့ ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက အလှူငွေများ လှူဒါန်း

စာမျက်နှာ » ၄

### ရန်ကုန်တိုင်း ဒေသကြီး အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန် ၁ ရက်အထိ ကျောင်း အပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိ

စာမျက်နှာ » ၇

### ဖျတ်ခနဲ မြင်လိုက်ရတဲ့ နိုင်ငံတကာ ဆက်ဆံရေး မြင်ကွင်းတစ်ကွက်

ဆောင်းပါး စာမျက်နှာ » ၁၁

## နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ ယနေ့စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်း ပျော်ရွှင်စွာ သင်ကြားလျက်ရှိသည်။

အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ဒီနှစ်ကျောင်းသား ကျောင်းသူအပ်နှံစာရင်း ၂၁၁၉ ဦး ရှိပါတယ်။ မနှစ်က ကျောင်းသားဦးရေနဲ့ နှိုင်းယှဉ်ရင် ၁၇ ရာခိုင်နှုန်းလောက် ကွာဟမှုရှိပေမယ့် ကျောင်းအပ်လက်ခံနေသေးတဲ့အတွက် ရာခိုင်နှုန်းပြည့်မီမယ်လို့ ခန့်မှန်းပါတယ်။ နံနက် ၈ နာရီခွဲ ကျောင်းတက်မှာဖြစ်ပြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐




နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



### အိန္ဒိယနိုင်ငံတွင် ရေကြီးရေလျှံမှု များဖြစ်ပွား

စာမျက်နှာ » ၁၃



### နွားနောက် – Mithun (သို့မဟုတ်) လျစ်လျူရှု ခံရသည့် နွားမျိုးစိတ်

ဆောင်းပါး စာမျက်နှာ » ၁၈

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို စုစည်းညီညွတ်မှုအားဖြင့် ကျော်လွှား

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုနှင့် ငလျင်လှုပ်ခတ်မှုများကို မကြာခဏ ကြုံတွေ့ခဲ့ကြရသည်။ ပြီးခဲ့သည့်နှစ်များအတွင်းက ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခု၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ ယခုနှစ်မုတ်သုံရာသီကာလတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ကြုံတွေ့နေရသောကြောင့် မြန်မာနိုင်ငံတစ်ဝန်း၌ ရေကြီးရေလျှံဖြစ်စဉ်များကို အထူးသတိပြုရမည်ဖြစ်သည်။

ယခုနှစ် မတ်လကုန်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတို့ရှိ နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ လူနေအိမ် ၅၁၂၁၀၊ လမ်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်း ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံခြောက်ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ရှေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ ကျောင်း ၂၅၇၁ ကျောင်း၊ ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်ကောင်ရေ ၁၃၃၇၀၀ ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံအထိရှိခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများမှာ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုတစ်မျိုးတည်းကြောင့်ဖြစ်ပြီး အခြားသဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပေါင်းလျှင် နိုင်ငံတော်နှင့် ပြည်သူများ၏ ပျက်စီးဆုံးရှုံးမှု မည်မျှကြီးမားသည်ကို ခန့်မှန်းကြည့်နိုင်သည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရတစ်ခုတည်းအားဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသဖြင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ မေတ္တာ၊ စေတနာအားများနှင့်ပေါင်းစပ်ပြီး တက်ညီလက်ညီ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြမှသာ မူလအခြေအနေမပျက် ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်ကြိုးပမ်းမှုနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင်ရှိသည့် လုပ်ငန်းကော်မတီများအလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ဘေးသင့်ဒေသမှ ပြည်သူများအတွက် လတ်တလော ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးရာသီတွင် ယာယီအမိုးအကာအောက်သို့ ရောက်ရှိစေရေး၊ ပြည်သူလူထုကျန်းမာရေးအတွက် ကုသစောင့်ရှောက်မှုများပေးလျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစားပြီး စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် သုံးစွဲရမည့်ကုန်ကျစရိတ်များ များစွာလျှော့နည်းသက်သာသွားမည်ဖြစ်သည်။

သဘာဝဘေးအမျိုးမျိုးနှင့်ပတ်သက်၍ ကြိုတင်မြော်တွေးပြီး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ကြမည်ဆိုလျှင် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံမျှမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ကို နိုင်ငံတော်အကြီးအကဲက အသိပေးထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်ရန် အကန့်အသတ်များရှိနေသောကြောင့် မြန်မာနိုင်ငံတော်အပေါ်တွင် စေတနာ၊ မေတ္တာ၊ သံယောဇဉ်ထားသောစိတ်၊ နိုင်ငံချစ်သည့်စိတ်တို့ဖြင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ အင်အားများပေါင်းစပ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာလျှင် သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့)ကျင်းပ

**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၁၀၂၇ ပါး/ဦးအနက် ၈၆၃၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၂၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကြည်ကြည်သန်းအောင် ကို ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## Green Gold ကော်ဖီသမဝါယမအသင်းက ကော်ဖီများ ဘယ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချ

**တောင်ကြီး ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်အဖြစ် ကော်ဖီအဆန်စိမ်းများကို ပထမအကြိမ်အဖြစ် ဘယ်ဂျီယံနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ကော်ဖီတန်ချိန် ၃၄ ဒသမ ၀၈ တန်ကို ဟိုပုံးမြို့နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၅-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၇ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀ ဒသမ ၉၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသော လူနာနှင့် ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၂ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၆-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၄၀၀ | ၆,၆၀၀ | ၁,၄၅၃ | ၉,၂၉၉,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၆,၈၈၂ | ၂၀,၃၀၂,၆၅၀ |
| MCB | ၇,၃၀၀ | ၇,၄၀၀ | ၄၃၇ | ၃,၂၂၉,၅၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၆၈ | ၁၂၅,၈၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၈၆ | ၈,၀၈၀,၈၀၀ |
| EFR | ၁,၅၀၀ | ၃,၈၅၀ | ၂,၇၆၆ | ၄,၂၉၄,၈၀၀ |
| AMATA | ၃,၈၅၀ | ၃,၈၅၀ | ၁,၃၆၉ | ၅,၃၁၀,၇၅၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁၅၉ | ၄၉၂,၉၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၃၅၅ | ၁,၁၁၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)တို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၂**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဌာနတာဝန်ခံများနှင့် တွေ့ဆုံသည်။




**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုအတွက် အထောက်အကူရရှိစေမည့် အာမခံအကာအကွယ် လုပ်ငန်းများဖြစ်စေရေး၊ မန္တလေးငလျင်ကြီးကြောင့် အစိုးရနှင့် ပုဂ္ဂလိကတို့က ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံလျော်ကြေးများ စနစ်တကျနှင့် မြန်ဆန်စွာ တွက်ချက်ထုတ်ပေးနိုင်ရေး၊ အရာထမ်း၊ အမှုထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်သူလူထုက ယုံကြည်အားကိုးသည့် မြန်မာ့အာမခံလုပ်ငန်းဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်ချေးငွေအကြံပေး အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကြွေးကျန်များပြန်လည်ရရှိရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်အမှုအခင်းများ ကျဆင်းပပျောက်ရေးအတွက် ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းရေး၊ တောင်သူများအတွက် အထောက်အကူပြုသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည်များကို မှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် လူသုံးကုန်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂**

Huawei Technologies (Yangon)Co.,Ltd. က မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)သို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူပစ္စည်းများပေးအပ်ပွဲသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်တို့ တက်ရောက်ခဲ့ကြောင်းနှင့် ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## ဧရာဝတီမြစ်ရေ ကသာမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ငလျင်ဒဏ်သင့်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၅၀ နှင့် သီလရှင်ကျောင်း ၅၀ သို့ ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက အလှူငွေများ လှူဒါန်း


**မန္တလေး ဇွန် ၂**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခံကြရသော ဘုန်းတော်ကြီးကျောင်း ၅၀ အတွက် ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက တစ်ကျောင်းလျှင် အလှူငွေကျပ် ၁၀ သိန်းစီပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ရှိ ခင်မကန်တိုက် မဟာဝိဇယာရာမ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေရတု တိပိဋက ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုဇန၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသီရိဘိဝံသ အမှူးပြုသော ကျောင်းတိုက် ၅၀ မှ ကျောင်းထိုင်ဆရာတော်များ၊ အမေရိကန်နိုင်ငံ Oklahoma ပြည်နယ်ရှိ Chanh Phap ဓမ္မတရားစင်တာ အကျိုးတော်ဆောင်နှင့် သာသနာပြုဆရာတော် Thuong Toa၊ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၉၀) ရပ်ကွက်ရှိ ရမ္မာဝတီလမ်း မဟာပုညဝိဟာရကျောင်းမှ ဗီယက်နမ်နိုင်ငံသား ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဦးဝိမလနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင်များက လှူဒါန်းရခြင်း အကြောင်း လျှောက်ထားပြီး အမေရိကန်နိုင်ငံ Oklahoma ပြည်နယ်ရှိ Chanh Phap ဓမ္မ တရားစင်တာ အကျိုးတော်ဆောင်နှင့် သာသနာပြုဆရာတော် Thuong Toa နှင့်အဖွဲ့ဝင်များက ကျောင်းထိုင်ဆရာတော်အပါး ၅၀ တို့အား အလှူငွေကျပ် ဆယ်သိန်းစီ စုစုပေါင်းသိန်းငါးရာကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အလှူရှင်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်ကျောင်းတိုက်တွင် သီလရှင်ကျောင်း ၅၀ အား တစ်ကျောင်းလျှင် ငွေကျပ် ဆယ်သိန်းစီဖြင့် စုစုပေါင်း သိန်းငါးရာကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**




# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဥပ္ပါတသန္တိစေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောပရိယတ္တိစာသင်တိုက် မဟာအာရုံခံဗိမာန်တော်၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များ၊ သီလရှင်များနှင့် ပျဉ်းမနားစာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းသည်။



ယနေ့ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရ ဓမ္မာစရိယစာမေးပွဲကို ပျဉ်းမနားစာဖြေဌာန၌ သံဃာ ၁၂၀ ပါးနှင့် သီလရှင်တစ်ပါး စုစုပေါင်း ၁၂၂ ပါး စာရင်းသွင်းပြီး စာဖြေသံဃာ ၉၂ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဓမ္မာစရိယစာဖြေဌာန ၆၅ ဌာနတွင် ၂၀၂၅ ခုနှစ် မတ် ၂၅ ရက် မှစတင်၍ ကျင်းပဖြေဆိုခဲ့ရာ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ယာယီ ရပ်ဆိုင်းခဲ့ရသဖြင့် ဖြေဆိုရန် ကျန်ရှိသည့် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက်မှ ၆ ရက်အထိ ပြန်လည် ကျင်းပလျက်ရှိသည်။ ယနေ့ အစိုးရဓမ္မာစရိယစာမေးပွဲသည် ဖြေဆိုရန်ကျန်ရှိသော ဓမ္မသင်္ဂဏီ(ပထမနေ့) စတင်ဖြေဆိုခြင်းဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲများကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အစိုးရပါဠိပထမပြန် စာဖြေဌာန ၂၀၆ ဌာနတို့တွင် ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ် ထိခိုက်ပျက်စီးခဲ့မှုများကို စက်ယန္တရားများအသုံးပြု၍ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင်လုပ်အားဒါန ကုသိုလ်ပြုကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၃၇၀၈၇၀၀ လှူဒါန်းသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဇေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတားနှင့် လမ်းပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဇေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတားနှင့် လမ်းပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၆၅/၁နှင့် ၁၆၅/၃ အကြားရှိ ဆွာချောင်းတံတား ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆွာချောင်းတံတားသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသွား၊ အပြန် တံတားနှစ်စင်းလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်း အပြန်လမ်းဘက်အပိုင်းတွင်အသစ် ပြန်လည် တည်ဆောက်လျက်ရှိပြီး အသွားလမ်းဘက်အပိုင်းတွင် ယာယီသွားလာ၍ ရရှိနိုင်ရေး P7 ကို ဗဟိုထား၍ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားပေ ၁၉၀ တပ်ဆင်ထားပြီး မေ ၃၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်များသွားလာမှုကြောင့် ဘေလီတံတား ကြမ်းခင်းကျိုးသွားသဖြင့် တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ချက်ချင်းပြင်ဆင်ဆောင်ရွက်ခဲ့ရာ ည ၁၂ နာရီခွဲခန့်တွင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်များပုံမှန်အတိုင်း သွားလာ၍ရခဲ့ပြီဖြစ်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားပါက အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် ဘေလီတံတားနှင့် ဆက်စပ်ပစ္စည်းများကို အသင့်စုဆောင်းထားရှိ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး ယာဉ်များသွားလာမှုမပြတ်တောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၇/၇)မှ (၁၆၈/၀)ကြားတွင် လမ်းသားနိမ့်ကျမှုအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မင်းလှ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်သစ်တောဦးစီးဌာန၏ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က သရက်တပင်အုပ်စု ဝွေးတောက်ကုန်းကျေးရွာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးရန်နိုင်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးမင်းတို့က သစ်ပင်စိုက်ပျိုးမည့်တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်




**နေပြည်တော် ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ယာယီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ငွေးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မိဘများအနေဖြင့် သားသမီးများကို ငယ်ရွယ်စဉ်ကပင် လိမ္မာရေးခြားရှိစေရန်၊ ကျန်းမာသန်စွမ်းစေရန် သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးသူများဖြစ်ကြရာ သားသမီးများအပေါ် စံနမူနာပြပြောဆိုကြရန် လိုအပ်ကြောင်း၊ ကလေးများပညာရေးနှင့်ပတ်သက်၍ သားသမီးများ၏ ဝါသနာအရင်းခံသည့် ပညာဆည်းပူးမှုကို ရွေးချယ်ခွင့်ပေးစေလိုကြောင်း၊ သို့မှသာ မိမိတတ်ကျွမ်းသည့် ပညာရပ်များဖြင့် လုပ်ငန်းခွင် အသီးသီးသို့ ဝင်ရောက်၍ နိုင်ငံတော်၊ ပြည်သူနှင့် မိမိမိသားစုအပေါ် အကျိုးပြုဆောင်ရွက်နိုင်မည့်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ကျောင်းပညာရေးကို ဆုံးခန်းတိုင်သင်ယူကြမှသာ မိမိတို့၏ဘဝလမ်းခရီးများ အဆင်ပြေချောမွေ့မည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအားလုံး လုံ့လဝီရိယစိုက်ထုတ်၍ စာကို ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

**ထောက်ပံ့ကြေးများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်း သား သမီး ကျောင်းသား ကျောင်းသူများအတွက် ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များထံသို့ ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)၊ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)နှင့် မကွေးစက်မှုဇုန်စီမံကိန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် မေ ၃၁ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ရှိ အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)မှ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)အနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ယခုဘဏ္ဍာနှစ်အတွက် သတ်မှတ်ထားသည့် ထုတ်လုပ်မှုလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရန်နှင့် စက်ရုံရပ်နားခဲ့ရသည့် ကာလများအတွက် ပြန်လည်အစားထိုး ဖြည့်တင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းများပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံပြင်ဆင်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ဇွန် ၁ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုပြီး ပြည်တွင်းစက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများတွင် ကုန်အမှတ်တံဆိပ်၊ အရည်အသွေးများဖော်ပြမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)သို့ ရောက်ရှိပြီး သင်တန်းကျောင်း ရှင်းလင်းဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကိုမှာကြား၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မကွေးစက်မှုဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၃) သင်တန်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ တာဝန်ရှိသူများ၊ သင်ကြားရေးဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ခေတ်နှင့်အညီ ပြောင်းလဲလာသည့် စီမံခန့်ခွဲရေးဆိုင်ရာ အယူအဆနှင့် အတွေ့အကြုံများကို လေ့လာသိရှိပြီး နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ထမ်းဆောင်ကြစေရန် ဖြစ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို တတ်သိနားလည်ကာ "စွမ်းရည်ထက်မြက်သော လူကောင်း လူတော်" များ ဖြစ်လာစေရန်အတွက် မိမိတို့၏ အတွေးအခေါ်နှင့် ခံယူချက်များကို လိုက်လျောညီထွေရှိအောင် ပြုပြင်ပြောင်းလဲကြရန် လိုအပ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဟူသမျှကိုမိမိတို့၏ ထက်မြက်သော စွမ်းဆောင်ရည်များဖြင့် ကျေပွန် အောင်မြင်အောင် ထမ်းဆောင် နိုင်ရန်အတွက် လေ့ကျင့်သင်ယူမှုများကိုစိတ်ဓာတ်မြင့်မားစွာဖြင့် ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)ကို သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၉ ဦး စုစုပေါင်း ၉၃ ဦးဖြင့် ဇွန် ၂ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၁ ဦး၊ သင်တန်းသူ ၁၆၃ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)မှ ဌာနတာဝန်ခံနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ဝန်ထမ်းများ၏ ဆွေးနွေးမေးမြန်းမှုများကို ရှင်းလင်းဖြေကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ကျောင်းစုဝေးကွင်းတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်း၊ မြန်မာကျောင်းသီချင်း၊ ဓာတိမာန်သီချင်းသီဆိုခြင်းနှင့် ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ကြည့်ရှုအားပေး၍ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။



ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ်(ပြည်စံအောင်) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအပ်လက်ခံနေမှုများ၊ စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစာကြည့်တိုက်များ၊ ကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာသင်ကျောင်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများအား ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❐ ရှေ့ဖုံးမှ

ညနေ ၃ နာရီ ၄၅ မိနစ်ကျောင်းဆင်းမှာဖြစ်တဲ့အတွက် တစ်ချိန်တက်ကျောင်းဖြစ်ပါတယ်။ အရင်နှစ်တွေမှာ ကျောင်းအကြို၊ အပို့ကားတွေကို လမ်းကြောင်း ငါးကြောင်း ပြေးဆွဲပါတယ်။ ဒီနှစ်မှာတော့ မန္တလေးငလျင်ကြီးကြောင့် မိဘတွေ ရွှေ့ပြောင်းနေထိုင်ကြရတဲ့အတွက် လမ်းကြောင်းသုံးကြောင်း ပြေးဆွဲပြီး ကားအစီးရေ ထပ်မံဖြည့်တင်းသွားမှာ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းနဲ့ ညွှန်ကြားချက်အရ အတန်းအချိန်ဇယားတွေမှာ စာဖတ်ချိန်နဲ့ ဥပဒေဘာသာရပ် အပါအဝင် စာသင်ချိန် ရှစ်ချိန် ထည့်သွင်း ရေးဆွဲထားပါတယ်။ နိုင်ငံသားတိုင်း အသက်(၁၈)နှစ်ပြည့်ပြီးရင် နိုင်ငံတော်ရဲ့ ဥပဒေအကြောင်းအရာကို သိရှိရမှာဖြစ်တဲ့အတွက် ဥပဒေဘာသာရပ်ကို အထက်တန်းအဆင့် Grade–11 နဲ့ Grade –12 အတွက် ထည့်ဆွဲထားပါတယ်။ အခမဲ့ပညာရေးစနစ် ဖြစ်တဲ့အတွက် မိဘတိုင်းက မိမိတို့ရဲ့ သားသမီးတွေကို နီးစပ်ရာကျောင်းတွေမှာ ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်”ဟု ပြောကြားသည်။

နိုင်ငံတော် အနေဖြင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က “ဒီနေ့အထိ ကျောင်းသား ကျောင်းသူ ၁၂၃၆ ဦး လာရောက်အပ်နှံထားပါတယ်။ ပြီးခဲ့တဲ့နှစ်က တက်ရောက်ခဲ့တဲ့ ကျောင်းသား ကျောင်းသူအားလုံးနီးပါး ပြန်လည်တက်ရောက် ကြပါတယ်။ Grade–12 ပြန်လည်ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကိုတော့ မူလတန်းအဆောင်မှာ စခန်းသွင်းလေ့ကျင့် သင်ကြားပေးနေတဲ့အတွက် ကျောင်းတက်ချိန်ကို နှစ်ချိန်ခွဲပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ Grade–12 ကျောင်းသား ကျောင်းသူတွေ ပြန်လည်ဖြေဆိုပြီးသွားရင် စာသင်ချိန်ကို ပုံမှန်အတိုင်း တစ်သုတ်တက်နဲ့ ဖွင့်လှစ်သင်ကြား ပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်ကိုတော့ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း စာသင်ချိန် ရှစ်ချိန်နဲ့ ဆောင်ရွက်နေပါတယ်” ဟု ပြောသည်။



ဦးဝင်းမြင့်ဦး



ဦးဝင်းခိုင်



ဒေါ်သက်သက်သင်း



ဦးသိန်းထွန်း

ထို့နောက် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သက်သက်သင်းက “ဒီနေ့(ဇွန် ၂ ရက်)အထိ ကျောင်းသား ကျောင်းသူ ၁၄၅၅ ဦး ကျောင်းအပ်လက်ခံထားပါတယ်။ ဒီတစ်လလုံးလည်း ကျောင်းသား ကျောင်းသူတွေကို ဆက်လက် ကျောင်းအပ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ မနှစ်က မတ်လနောက်ဆုံး စာရင်းချုပ်နဲ့နှိုင်းယှဉ်ရင် ၉၀ ရာခိုင်နှုန်းကျော် ကျောင်းအပ်ပြီးနေပါပြီ။ နိုင်ငံသားတိုင်း ဥပဒေအကြောင်းအရာနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အချက်အလက်တွေကို သိရှိထားသင့်တဲ့အတွက် အထက်တန်းအဆင့်မှာ ဥပဒေဘာသာရပ်အချိန်ကို ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

“မိုဘိုင်းဖုန်းနဲ့ ဆိုရှယ်မီဒီယာ လွှမ်းမိုးမှုမှာ အခြေခံကဏ္ဍက စာကြည့်တိုက်နဲ့ ဆက်စပ်ပါတယ်။ ကလေးတွေ စာများများဖတ်ဖို့ လိုပါတယ်။ စာကြည့်တိုက်အချိန်မှာ ဖတ်နေတဲ့စာအုပ် မပြီးသေးရင် စာအုပ်ကို အိမ်ငှားခွင့်ပေးလိုက်ပါတယ်။ ငှားလိုက်တဲ့ စာအုပ်ရဲ့ အကြောင်းအရာ ပြန်လည်ပြောရမယ်ဆိုတော့ ကလေးတွေက စာအုပ်ကို သေသေချာချာ ဖတ်ကြပါတယ်။ ကလေးတစ်ယောက်ကို စာဖတ်တဲ့ ရေရှည်အလေ့အကျင့်ကောင်း ပြုစုပျိုးထောင်ပေးခြင်းဖြင့် မိုဘိုင်းဖုန်း သုံးစွဲမှုနှုန်း လျော့ကျသွားမယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက–၃ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက “ကျောင်းသား ကျောင်းသူအပ်နှံစာရင်း မနှစ်က ၁၀၈၇ ဦးရှိခဲ့ပြီး ဒီနှစ် ၁၁၀၀ နီးပါးရှိပြီ ဖြစ်ပါတယ်။ ဒီနှစ် ကျောင်းအချိန်စာရင်းကတော့ နှစ်သုတ်တက် ဖြစ်ပါတယ်။ မနက်ပိုင်းမှာ Grade –6 မှ Grade –12 အထိ၊ နေ့လယ်ပိုင်းမှာဆိုရင် KG မှ Grade 5 ဆိုပြီး ခွဲထားပါတယ်။ ကျောင်းအကြို၊ အပို့အတွက် ဒီနှစ်မှာတော့ မနှစ်ကသတ်မှတ်ထားတဲ့ ဇရိယာတွေထက် တိုးချဲ့ကြို၊ ပို့သွားမှာ ဖြစ်ပါတယ်။ ကျောင်းသားတိုင်း အလယ်တန်းအဆင့် ပြီးမြောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေတဲ့ ကလေးတွေကိုလည်း သင့်တင့်တဲ့ အတန်းပညာတတ်မြောက်စေချင်ပါတယ်”ဟု ပြောကြားသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း အသီးသီး၌ အထက်တန်းအဆင့်တွင် ၂၈၅၉၂ ဦး၊ အလယ်တန်းအဆင့်တွင် ၅၃၂၂၈ ဦးနှင့် မူလတန်းအဆင့်တွင် ၁၂၀၇၄၆ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၂၅၆၆ ဦး ကျောင်းတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မျိုးဆက်သစ်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**



နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့တွင်းရှိ အခြေခံပညာကျောင်းများ ယနေ့တွင် စတင်ဖွင့်လှစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိကြောင်း သိရသည်။



လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်လှမိုးသူက "ကျွန်မတို့ကျောင်းက နံနက် ၇ နာရီခွဲကနေပြီးတော့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အထိ ဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ထက်စာရင် အခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသူဦးရေနဲ့ ကျောင်းတက်သူရာခိုင်နှုန်းလည်း ပိုမိုတိုးတက်လာတာတွေ့ရပါတယ်။ ဒီပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ သင်ရိုးမာတိကာတွေနဲ့ ကလေးတွေကို ပညာရေးအပြင် ဘက်စုံဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေဖို့နဲ့ အထက်တန်းဆိုရင်လည်း အမှတ်ပေးစည်းမျဉ်းတွေနဲ့အညီ ဘာသာရပ်တိုင်းကို ထူးချွန်ထက်မြက်တဲ့ ကျောင်းသူတွေဖြစ်အောင် သင်ကြားပေးဖို့ ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

ကျောင်းစတင် တက်ရောက်သည့်နေ့တွင် တာဝန်ကျဆရာ ဆရာမများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဝင်များက ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများကိုစနစ်တကျ အဆင်ပြေ ချောမွေ့စေရေး၊ စည်းကမ်းတကျ ဖြစ်စေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

ပညာရေး ဝန်ကြီးဌာနက အသိပေးထုတ်ပြန်ချက်တွင် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းတက်မှန်ရေး၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကြံပြုဆွေးနွေးရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်စသဖြင့် မေတ္တာရပ်ခံချက်နှင့် လိုက်နာရမည့် အချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

အထက(၂)လသာ Grade-7 တွင် ပညာသင်ကြားမည့် ကျောင်းသူ မယွန်းသန့်သူကလည်း "အခုဆိုရင် မိုးတွေကရွာနေပေမယ့် ခွဲခွာနေခဲ့ရတဲ့ ဆရာဆရာမတွေနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့ အခုပြန်တွေ့ရတဲ့အတွက် ပျော်ရွှင်ဝမ်းသာရပါတယ်။ သမီး အခုတက်ရောက်နေတဲ့ Grade-7 မှာဆိုရင် မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံဆိုတဲ့ ဘာသာခြောက်ဘာသာ သင်ယူရမှာဖြစ်ပါတယ်။ သမီးကတော့ ဆရာ ဆရာမတွေရဲ့ စကားကို မြေဝယ်မကျနားထောင်ပြီး ပညာရေးအပြင်ဘက်စုံထူးချွန်ထက်မြက်အောင် အကောင်းဆုံးကြိုးစားသွားပါမယ်" ဟုဆိုသည်။



ဒေါ်လှမိုးသူ



မယွန်းသန့်သူ

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်း ၊ အထက်တန်းကျောင်း ၄၀၉ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၂ ကျောင်း ဖွင့်လှစ်ထားရှိသည်။။

ယမန်နှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျောင်းအပ်နှံသူဦးရေ ၁၀၃၄၆၆၉ ရှိခဲ့ကာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံမှု စာရင်းအရ ကျောင်းအပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း - မော်ကြီး**

**ဓာတ်ပုံ - သီဟ**

# မန္တလေးမြို့၌ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**မန္တလေး ဇွန် ၂**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကျောင်းတက်၍ပညာသင်ကြားလျက်ရှိကြသည်။

**စီမံဆောင်ရွက်**

ယနေ့ကျောင်းသို့လာရောက်၍ ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌ အတန်းစဉ်အလိုက် စည်းကမ်းတကျ သွားရောက်နိုင်ရေး စီမံဆောင်ရွက်ပေးသည်။



အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ဒီနေ့ကတော့ အခြေခံပညာကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေ တစ်ပြိုင်တည်း ဖွင့်လှစ်တာဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ကျောင်းက လျှောင်ဒဏ်အန္တရာယ်ကင်းတဲ့ အဆင့်ဖြစ်အောင် ရာနှုန်းပြည့်ဆောင်ရွက်ထားတဲ့အတွက် မိဘတွေကလည်း အားတက်သရော လာထားကြပါတယ်။ လက်ရှိအနေနဲ့ ကျောင်းသား ကျောင်းသူဦးရေ ၃၃၀၀ လောက်ရှိနေပြီဖြစ်ပါတယ်"ဟုပြောသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မကလေးတွေကတော့ ဒီနှစ်မှာ Grade-1 နဲ့ Grade-7 မှာ ပညာသင်ကြားမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ကလေးတွေကိုပေးနိုင်တာကတော့ ပညာအမွေပဲဖြစ်ပါတယ်။ ကျွန်မက ဝန်ထမ်းဖြစ်တဲ့အတွက် ဘယ်နေရာမှာ တာဝန်ကျကျ ကျောင်းကိုရောက်အောင်ပို့ပြီးပညာသင်ကြားစေပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာကလည်း အချိန်မရွေးကျရောက်နိုင်တာဆိုတော့ ကိုယ့်ကလေးတွေကိုလည်း ဒီလိုအန္တရာယ်မျိုးကျရောက်လာရင် ဘယ်လိုနေထိုင်ပြုမူရမယ်ဆိုတာကို သင်ပေးထားပါတယ်။ အကယ်၍ ကျောင်းတက်နေရင်းကြုံလာရင်လည်း ဆရာ ဆရာမတွေရဲ့ပြောစကားကို နားထောင်ပြီး ဘေးအန္တရာယ်တွေကို ရင်ဆိုင်ပါလို့ သွန်သင်ဆုံးမထားပါတယ်။ မိဘတိုင်းအတွက်ကတော့ ကိုယ့်သားသမီးဟာ အဖိုးထိုက်တန်တဲ့ရတနာတစ်ပါးလိုပါပဲ။ ဒါကြောင့် မိမိတို့အနေနဲ့ ဘယ်လိုအခြေအနေမျိုးပဲရောက်ပါစေ မိမိတို့သားသမီးတွေကိုတော့ ကျောင်းကိုရောက်အောင်ပို့ပြီး သူတို့ဘဝအနာဂတ်လှပဖို့ ပညာသင်ကြားစေလိုပါတယ်" ဟု ပြောသည်။

Grade-7 သို့တက်ရောက်မည့် ကျောင်းသူ မအမရာဦးက "အခုလိုကျောင်းတွေ ပြန်ဖွင့်ပြီဆိုတော့ သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံပြီး ကျောင်းစာတွေသင်ကြားမှာဖြစ်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ နောက်ပြီး ဆရာ ဆရာမတွေ သင်ကြားပေးမယ့် ကျောင်းသင်ခန်းစာတွေကိုလည်း ကြိုးစားပြီး သင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သမီးအနေနဲ့ Grade-12 ကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်နိုင်ဖို့ အခုကတည်းက ကြိုးစားသွားမှာဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံ့တာဝန်တွေကို တတ်နိုင်တဲ့ဘက်က ထမ်းဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက်လည်း မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့်ကျောင်းများ၌ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

**မင်းထက်အောင်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး



**ပန်းတောင်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇွန် ၂ ရက် နံနက်ပိုင်းက ပန်းတောင်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

**ချီးမြှင့်ပေးအပ်**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအခြေအနေနှင့် ကျောင်းသားနှင့် ဆရာအချိုးတို့ကို တင်ပြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကျန်းမာရေးဂရုပြုရန်၊ ယင်လုံအိမ်သာများ သုံးစွဲရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ရန်နှင့် သီးခြားလိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဆရာ ဆရာမများအတွက် သီးခြားဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရေးမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**ရေး ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများကို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဖြည့်စွက်မှာကြား**

ထိုသို့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားပေးရာတွင် ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးကောင်းဇော်မြင့်၊ ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်း၊ မြို့နယ်စီမံအဖွဲ့ဝင်များနှင့် မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးတို့က ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ ဆရာ ဆရာမများအား ဖြည့်စွက်မှာကြားသည်။

ရေးမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၅၃ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၇၃၆၄ ဦးအနက် တက်ရောက်သူ ၃၆၂၉၄ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၁၄ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းစတင်တက်ရောက်သင်ကြား

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားရန်အတွက် ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းသား ကျောင်းသူ ၈၉၀၉၃ ဦး ကျောင်းစတင်တက်ရောက် ပညာသင်ကြားလျက်ရှိသည်။



ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှု၍ စာသင်ကျောင်း၊ စာသင်ခန်းများ သန့်ရှင်းသပ်ရပ်မှု ရှိစေရန်နှင့် လိုအပ်သည်များကို မှာကြားကာ ကျောင်းဝင်း အတွင်း၊ အပြင် လုံခြုံမှုရှိစေရေးတို့ကို စီမံဆောင်ရွက်ပေးသည်။

ပဲခူးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနေ့တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၃၇ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၇၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၁ ကျောင်း စုစုပေါင်း ၂၈၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၉၀၉၃ ဦး ပျော်ရွှင်စွာ ကျောင်းတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ စာသင်ကျောင်းများ စတင်ဖွင့်လှစ်

**ကန်ကြီးထောင့် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် အခြေခံပညာစာသင်ကျောင်းများ ယနေ့မှစ၍ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းတက်ရောက်လျက်ရှိကြောင်း သိရသည်။

**စီမံဆောင်ရွက်**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်နိုင်ရေးအတွက် ကန်ကြီးထောင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ သွားရောက်၍ ကျောင်းလာပို့သည့် ကျောင်းသားမိဘများနှင့် တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ စာသင်ကျောင်းများ သန့်ရှင်းသပ်ရပ်မှုရှိ၊ မရှိစစ်ဆေး၍ စာသင်ခန်းများ၌ လိုအပ်သည်များ မှာကြားဆောင်ရွက်ခြင်း၊ ကျောင်းဝင်းအတွင်း၊ အပြင် လုံခြုံမှုရှိစေရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကန်ကြီးထောင့်မြို့နယ်တွင် အထက်တန်းကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၇ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၁ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆ ကျောင်း၊ မူလတန်းကျောင်း ၁၁၉ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်း၊ ကိုယ်ပိုင်ကျောင်း တစ်ကျောင်း စုစုပေါင်း ၁၉၉ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၃၃၇ ဦး အေးချမ်းစွာတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ စတင်ပညာသင်ကြားလျက်ရှိ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ယနေ့မှစ၍ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ၊ ပထမနှစ်မှ ပဉ္စမနှစ်အထိ၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်း ပထမနှစ်၊ ဒုတိယနှစ်၊ ပါရဂူဘွဲ့ သင်တန်းများသို့ ကျောင်းသားဦးရေ စုစုပေါင်း ၂၅၂၀ တက်ရောက်လျက်ရှိသည်။



**တက်ရောက်လျက်ရှိ**

ထို့အပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် စတုတ္ထနှစ် ပထမပညာသင်ကာလ သင်တန်းများကို ကျောင်းသားဦးရေ ၁၀၀ တက်ရောက်လျက်ရှိပြီး ရန်ကုန်ပညာရေး တက္ကသိုလ်တွင် တက်ရောက်သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၅၀ ရှိကြောင်း သိရသည်။ အဆိုပါနှစ်အတွက် ပညာသင်ကာလမှာ ဇွန် ၂ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ ကျောဖုံးမှ

ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အုပ်စုအဆင့်တွင် အိမ်ရှင်တရုတ်အသင်းကို နှစ်ပွဲပြတ်၊ မလေးရှားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် လာအိုအသင်းကို နှစ်ပွဲပြတ်အနိုင်ရပြီး ဗိုလ်လုပွဲတွင် မလေးရှားအသင်းနှင့် ပြန်လည်တွေ့ဆုံရာ ၂-၁ ပွဲဖြင့် ထပ်မံအနိုင်ယူပြီး ရွှေတံဆိပ်ဆုရခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ကြေးတံဆိပ်ရရှိသည်။

လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၃၊ ၄ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ အုပ်စု(ခ)တွင် တရုတ်၊ လာအို၊ ထိုင်း၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ အုပ်စု (က) တွင် တရုတ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

**သတင်း-ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ-MSTAF**

❍ MNL ယူ-၂၁ မှ

အနိုင်ကစားကာ နိုင်ပွဲဆက်ခဲ့သည်။ Falcon အသင်းမှာမူ လေးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီး လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၃၇ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၆)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၃ မှတ်၊ Junior Lions အသင်းက ၁၂ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၀ မှတ်၊ သစ္စာအားမာန်အသင်းက ကိုးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်၊ ရတနာပုံအသင်းက ခုနစ်မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ Falcon အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ Dagon Port အသင်းက တစ်မှတ်ရထားပြီး မဟာယူနိုက်တက်အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# နိုင်ငံတစ်ဝန်း၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားမှုပုံရိပ်များ



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ပညာသင်ကြားရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – ချယ်ရီမြေ(မူဆယ်)




ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – သန်းထိုက်



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – လှိုင်မျိုးအောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – အောင်ဇော်မင်း



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပညာသင်ကြားရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – ဒီပါလင်း



ကယားပြည်နယ် လွိုင်ကော်မြို့၌ ပညာသင်ကြားရန်လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – ကိုတွတ်(ပြန်/ဆက်)



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ – မြို့နယ်(ပြန်/ဆက်)




မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပညာသင်ကြားရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – စည်သူ(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ယနေ့နံနက်တွင် အခြေခံပညာကျောင်းများဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများ စတင်ပညာသင်ကြားလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး ရာနှုန်းပြည့်ကျောင်းတက်ရောက်စေရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများကို စဉ်ဆက်မပြတ် အတန်းစဉ်ကူးပြောင်းမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ လျာထားကျောင်းသားအင်အား ပြည့်မီရေးအတွက် ဆရာ၊



မိဘ၊ အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရေး၊ စာသင်ဆောင်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို မှာကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများတွင် ယနေ့အထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀၅၀၀၀၀ ကျော် အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မြို့နယ်ပညာရေးမှူးက ယာယီနေရပ်စွန့်ခွာဒေသများမှ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံတက်ရောက်မှု၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ဖွင့်လှစ်တက်ရောက်မှုနှင့် ကျောင်းအပ်နှံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

နေပြည်တော် ဇွန် ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၈၂၉၅၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ စာသင်ကျောင်းများတွင် သက်ဆိုင်ရာ အတန်းလိုက်သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိရာကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများသန့်ရှင်းသာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ ယနေ့တွင် စတင်ဖွင့်လှစ်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းသင်ခန်းစာများ သင်ကြား/သင်ယူနေမှုကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ် လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

အုတ်တွင်း ဇွန် ၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်အတွင်း၂၀၂၅- ၂၀၂၆ ပညာသင်နှစ် စာရင်းရှိ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၁ ကျောင်း၊ မူလတန်းလွန်ကျောင်း ၉၃ ကျောင်း၊ မူလတန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်းခွဲ သုံးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း သုံးကျောင်း စုစုပေါင်း ၁၄၀ တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေ ၂၂ ရက်မှစ၍ အခြေခံပညာကျောင်းများ ကျောင်းအပ်လက်ခံခဲ့ပြီး ယနေ့အထိ ကျောင်းသားကျောင်းသူ ၂၉၈၈၅ ဦးအား သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



**စာပေမြင့်မှ လူမျိုးတင့်မည်**



# ဒဂုံတက္ကသိုလ်၌ ဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများစတင်ဖွင့်လှစ်သင်ကြား

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက် ပညာသင်ကာလ သင်တန်းများဖြစ်သည့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာတန်းများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ်ဝက်ပညာသင်ကာလ သင်တန်းများဖြစ်သည့် စတုတ္ထနှစ်၊ ဒုတိယနှစ်ဂုဏ်ထူးတန်းနှင့် မဟာတန်း၊ ဒုတိယနှစ်သင်တန်းများကို ၂၀၂၅ ခုနှစ် ဇွန်လ ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၆၅၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

# ဖျတ်ခနဲမြင်လိုက်ရတဲ့ နိုင်ငံတကာဆက်ဆံရေး မြင်ကွင်းတစ်ကွက်

**နိုင်ငံတကာရေးရာသုတေသီတစ်ဦး**

**အခု မေလထဲမှာ နိုင်ငံတကာသတင်းတွေအနက် အတွေ့ရအများဆုံးသတင်းတစ်ပုဒ်က ဂါဇာမှာ အစ္စရေးနဲ့ ကုလသမဂ္ဂ (UN) တို့ အားပြိုင်ကြတဲ့သတင်းပဲဖြစ်ပါတယ်။ ဒီသတင်းက ဖြစ်နေတာကြာပြီဆိုပေမယ့် အတွင်းမှာ တငွေ့ငွေ့လှိုက်စားနေတာ ဖြစ်ပါတယ်။**

ပထမအကြိမ် အပစ်အခတ်ရပ်စဲပြီးတဲ့နောက် ၂၀၂၅ ခုနှစ် မေလ ၂ ရက်နေ့မှာ အစ္စရေးက ဂါဇာဒေသဆီ ဝင်ရောက်နေတဲ့ အကူအညီအားလုံးကို ပိတ်ဆို့မယ်လို့ ကြေညာပါတယ်။ ဂါဇာမှာ လူသားချင်းစာနာမှုအကျပ်အတည်း တဖြည်းဖြည်း ဆိုက်ရောက်လာပါတယ်။ အစ္စရေးက ဂါဇာမှာ လူသားချင်းစာနာမှုလုပ်ငန်းတွေကို UN အဖွဲ့အစည်းအစား အစ္စရေးနဲ့ အမေရိကန်က ထောက်ခံမှုပေးထားတဲ့ အမေရိကန်အခြေစိုက် Gaza Humanitarian Foundation (GHF) ကို လုပ်ကိုင်ခွင့်ပေးမယ်လို့ ကြေညာလိုက်တဲ့နောက်ပိုင်း UN အသိုင်းအဝိုင်းမှာ အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပါတယ်။

**အတော်ပွဲဆူသွားခဲ့**

၂၀၂၅ ခုနှစ် မေလ ၂၈ ရက်နေ့မှာ UN ဆိုင်ရာ အစ္စရေးသံအမတ်ကြီး Danny Danon က UN ဟာ သူ့နေရာဝင်ယူတဲ့ GHF ကို မစားရတဲ့အမဲ သဲနဲ့ပက်သလို အနှောင့်အယှက်တွေပေးနေတယ်၊ GHF နဲ့ ပူးတွဲလုပ်ကိုင်တဲ့ ဒေသခံ NGO အဖွဲ့အစည်းတွေကို ခြိမ်းခြောက်မှုတွေလုပ်တယ်၊ နှောင့်ယှက်မှုတွေလုပ်တယ်၊ လက်စားချေမှုတွေလုပ်တယ်၊ UN ဟာ လူဆိုးဂိုဏ်းတစ်ခုလို ပြုမူနေတယ်ဆိုပြီး UN လုံခြုံရေးကောင်စီအစည်းအဝေးတစ်ခုမှာ ပြောကြားလိုက်လို့ အတော်ပွဲဆူသွားခဲ့ပါတယ်။ တစ်နည်းပြောရရင်တော့ အစ္စရေးနဲ့ UN တို့ အားပြိုင်ကြတဲ့ သတင်း တစ်နည်း ဂါဇာ လူသားချင်းစာနာမှု အကျပ်အတည်းဟာ ဖျတ်ခနဲမြင်လိုက်ရတဲ့ နိုင်ငံတကာဆက်ဆံရေး မြင်ကွင်းတစ်ကွက်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လူသားချင်းစာနာမှုအကူအညီတို့ရဲ့ သဘောသဘာဝတွေကို အနည်းငယ် တီးခေါက်မိထားဖို့လိုပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ UN တို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့၊ နိုင်ငံတကာအကူအညီတို့၊ လူသားချင်းစာနာမှုအကူအညီတို့ဆိုတာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ ပုံစံအမျိုးမျိုးရှိပေမယ့် သဘောသဘာဝကတော့ လိုအပ်တဲ့သူတွေဆီ အကူအညီပေးအပ်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ဣန္ဒြေကြီးရပါတယ်။ ဆိုလိုတာက ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရပါဘူး။ သက်ဆိုင်ရာအစိုးရတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းရပါတယ်။ ဒါမှလည်း ပြည်တွင်းမှာ သူတို့ တရားဝင် ရပ်တည်လို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းက လုပ်ဆောင်မှုတွေ အဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြည်ပက သူတို့ နိုင်ငံခြားသားဝန်ထမ်းတွေ

**ပထမအကြိမ် အပစ်အခတ်ရပ်စဲပြီးတဲ့နောက် ၂၀၂၅ ခုနှစ် မေလ ၂ ရက်နေ့မှာ အစ္စရေးက ဂါဇာဒေသဆီ ဝင်ရောက်နေတဲ့ အကူအညီအားလုံးကို ပိတ်ဆို့မယ်လို့ ကြေညာပါတယ်။ ဂါဇာမှာ လူသားချင်းစာနာမှု အကျပ်အတည်း တဖြည်းဖြည်း ဆိုက်ရောက်လာပါတယ်။ အစ္စရေးက ဂါဇာမှာ လူသားချင်း စာနာမှုလုပ်ငန်းတွေကို UN အဖွဲ့အစည်းအစား အစ္စရေးနဲ့ အမေရိကန်က ထောက်ခံမှုပေးထားတဲ့ အမေရိကန်အခြေစိုက် Gaza Humanitarian Foundation (GHF) ကို လုပ်ကိုင်ခွင့်ပေးမယ်လို့ ကြေညာလိုက်တဲ့ နောက်ပိုင်း UN အသိုင်းအဝိုင်းမှာ အတော်လေး လှုပ်လှုပ်ရှားရှားဖြစ် သွားခဲ့**

အဝင်အထွက် လုပ်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ဘက်မလိုက်ဘူး အကြိမ်ကြိမ်ပြောပြီး သက်ဆိုင်ရာအစိုးရတွေ မူဝါဒအပြောင်းအလဲ ဖြစ်လာအောင် တွန်းအားတွေပေးကြပါတယ်။ ဖိအားတွေ၊ တွန်းအားတွေကတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံတွေက အလိုအလျောက် ပြုပြင်ပြောင်းလဲလာဖို့ ဖြစ်ပါတယ်။

UN ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်း အင်န်ဂျီအိုတွေ၊ သတင်းမီဒီယာတွေ ချိတ်ဆက် အလုပ်လုပ်ကြပါတယ်။ ဆိုလိုတာက နိုင်ငံတကာအဖွဲ့ အစည်းတွေဆိုရင် အကူအညီ လိုအပ်တဲ့နေရာတွေဆီ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပေးစေချင်တာ ဖြစ်ပါတယ်။ သူတို့လိုချင်တဲ့ အပြောင်းအလဲတွေ ဖြစ်မလာဘူးဆိုရင်တော့ ဣန္ဒြေသိပ်မဆောင်တော့ပါဘူး။ နိုင်ငံတွေအားနည်းရင် အားနည်းသလို စမ်းချင်ကြပါတယ်။ ခွင့်မပြုတဲ့အစိုးရတွေကို လူဆိုးစာရင်းသွင်းကြပါတယ်။

လူသားချင်းစာနာမှု အကူအညီတွေဆိုတာ ပုံစံအမျိုးမျိုးနဲ့ တည်ရှိနိုင်ပါတယ်။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေက ပေးတာရှိမယ်။ နိုင်ငံသား အလှူရှင်တွေ၊ နိုင်ငံတွင်းက အဖွဲ့အစည်းတွေက ပေးတာရှိမယ်။ နိုင်ငံခြားတိုင်းပြည်တွေက ပေးတာ ရှိမယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေက ပေးတာ ရှိပါမယ်။ ရည်ရွယ်ချက်ကတော့ စစ်မက်ပဋိပက္ခတွေကြောင့်ဖြစ်စေ၊ သဘာဝဘေးကြောင့်ဖြစ်စေ၊ အဆင်မပြေ ဒုက္ခရောက်နေတဲ့သူတွေ သက်သာရာ ရစေဖို့ ဖြစ်ပါတယ်။ လူသားချင်းစာနာမှုအကူအညီ ဆိုတဲ့သဘောသဘာဝက ရေတိုသဘောဖြစ်ပါတယ်။ ရေတိုတောင်မှ ချက်ချင်း အကူအညီလိုအပ်နေတဲ့သူတွေဆီ အခြေခံဆေးဝါးနဲ့ အစားအသောက် အကူအညီတွေရောက်ရှိဖို့ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အသက်ကယ်ဖို့ဖြစ်ပါတယ်။

**တင်းမာမှုက အတော်မြင့်တက်**

ဆိုတော့ကာ နိုင်ငံတကာဆက်ဆံရေးမှာ နိုင်ငံတကာအဖွဲ့အစည်းတို့၊ နိုင်ငံတကာအကူအညီတို့၊ လူသားချင်းစာနာမှုအကူအညီတို့ဆိုတာ အရေးကြီးပါတယ်။ သူတို့ကို အတားအဆီးမရှိ လက်ခံစေချင်ကြပါတယ်။ သူတို့ကို မေးမြန်းစိစစ်တယ်ဆိုရင်ပဲ အပြစ်တစ်ခုလိုဖြစ်နေပါတယ်။ လူသားချင်းစာနာမှု အကူအညီတွေနဲ့ပတ်သက်ရင် အထူးသဖြင့် အာဖရိကဘက်မှာ UN တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာအစိုးရတွေအကြား မကြာခဏတင်းမာမှုတွေဖြစ်ကြပါတယ်။ အခုလည်း အရှေ့အလယ်ပိုင်းမှာ အစ္စရေးနဲ့ ကုလသမဂ္ဂတို့အကြား တင်းမာမှုက အတော်မြင့်တက်နေပါတယ်။ ပြဿနာကို အကျဉ်းချုပ်မြင်အောင်ပြောရရင် ဂါဇာမှာ ပါလက်စတိုင်းဒုက္ခသည်တွေကို နှစ်ပေါင်းများစွာအကူအညီ အထောက်အပံ့ပေးနေတဲ့ The United Nations Relief and Works Agency for Palestine Refugees (UNRWA)ဆိုတဲ့ အဖွဲ့အစည်းရှိပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ အစ္စရေးနိုင်ငံဟာ ဟားမတ်စ်စစ်သွေးကြွတွေရဲ့ ရုတ်တရက် စီးနင်းတိုက်ခိုက်ခြင်းခံရပါတယ်။ အစ္စရေးဘက်က ၁၂၀၀ နီးပါးသေကာ ရာနဲ့ချီပြီး ဓားစာခံ

**နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ ပုံစံအမျိုးမျိုးရှိပေမယ့် သဘောသဘာဝကတော့ လိုအပ်တဲ့သူတွေဆီ အကူအညီ ပေးအပ်ဖို့ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ဣန္ဒြေကြီးရပါတယ်။ ဆိုလိုတာက ပြည်တွင်းရေးဝင်ရောက် မစွက်ဖက်ရပါဘူး။ သက်ဆိုင်ရာအစိုးရတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းရပါတယ်။ ဒါမှလည်း ပြည်တွင်းမှာ သူတို့ တရားဝင်ရပ်တည်လို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းက လုပ်ဆောင်မှုတွေ အဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြည်ပက သူတို့ နိုင်ငံခြားသားဝန်ထမ်းတွေ အဝင်အထွက်လုပ်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ဘက်မလိုက်ဘူး အကြိမ်ကြိမ်ပြောပြီး သက်ဆိုင်ရာအစိုးရတွေ မူဝါဒအပြောင်းအလဲဖြစ်လာအောင် တွန်းအားတွေပေးကြပါတယ်။ ဖိအား တွေ၊ တွန်းအားတွေကတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေက အလိုအလျောက် ပြုပြင်ပြောင်းလဲလာဖို့ဖြစ်ပါတယ်**

များအဖြစ် ဂါဇာဘက်ကို ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပါတယ်။ အဲဒီအချိန်ကစပြီး အစ္စရေးဘက်ကလည်း ဟားမတ်စ်တို့ရှိရာ ဂါဇာဘက်ကို မြေပြင်၊ ဝေဟင်ကနေ အကြီးအကျယ် လက်တုံ့ပြန်တိုက်ခိုက်လို့ ဟားမတ်စ်ထိန်းချုပ်တဲ့ အဖွဲ့အစည်းတွေ အဆိုအရ ၂၀၂၅ ခုနှစ် မေလကုန်အထိ လူငါးသောင်းကျော် သေပါတယ်။ အောက်တိုဘာလ ၇ ရက်နေ့မှာ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ဟားမတ်စ်စစ်သွေးကြွတွေထဲမှာ UNRWA ရဲ့ ဝန်ထမ်း ၁၂ ဦးပါတယ်ဆိုပြီး အစ္စရေးဘက်က စွပ်စွဲပါတယ်။ UNRWA ဟာ ဂါဇာဒေသ တစ်ခုတည်းမှာတင် ဒေသခံဝန်ထမ်းပေါင်း ၁၀၀၀၀ ကျော်ခန့်ထားပါတယ်။ အခု သူတို့ဝန်ထမ်းအချို့ဟာ တိုက်ခိုက်မှုမှာ တိုက်ရိုက်ပါတယ်။ အချို့ဟာလည်း UN ရဲ့ ရုံးအသုံးအဆောင်ပစ္စည်းတွေကို အသုံးပြုကာ အကြမ်းဖက်ကို အကူအပံ့ဖြစ်စေတယ်ဆိုပြီး အစ္စရေးက စွပ်စွဲပါတယ်။ UN ရဲ့ ဒုက္ခသည်တွေကိုပေးတဲ့ အကူအညီအချို့ဟာ ဟားမတ်စ်စစ်သွေးကြွတွေဆီကို သွယ်ဝိုက်ရောက်ရှိနေတယ်လို့လည်း အစ္စရေးက ယုံကြည်ပါတယ်။ ဒီတော့ အစ္စရေးဘက်ကလည်း ဂါဇာပြဿနာဖြေရှင်းရာမှာ UN အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UNRWA ဟာ မယုံကြည် စိတ်မချရဘူးဆိုတဲ့ အမြင်ရှိပါတယ်။ နောက်ဆုံး အမေရိကန်အခြေစိုက် Gaza Humanitarian Foundation (GHF) ကို UN အစား လုပ်ပိုင်ခွင့်ပေးဖို့ အစ္စရေးဘက်က လုပ်ဆောင်လာပါတယ်။

GHF ဟာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထဲမှာ အမေရိကန်နိုင်ငံမှာ တည်ထောင်ခဲ့တာဖြစ်ပြီး နောက်ကွယ်မှာ အစ္စရေးနဲ့ အစ္စရေးလိုလားသူတွေ ထောက်ပံ့ထားတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုပြီး စွပ်စွဲမှုတွေရှိပါတယ်။ အနည်းဆုံးတော့ GHF ဟာ အစ္စရေးအစိုးရ ခွင့်ပြုတဲ့နေရာတွေမှာပဲ လူသားချင်းစာနာမှုအကူအညီတွေပေးပါတယ်။ သူ့လုံခြုံရေးကိုတော့ အမေရိကန် ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီအချို့နဲ့ အစ္စရေးစစ်တပ်က တာဝန်ယူပါတယ်။

**သူတို့အသည်း ဓားနဲ့ခွဲတာပါပဲ**

အခုလို အစ္စရေးက ကုလသမဂ္ဂကို လျစ်လျူရှုပြီး သူတို့နဲ့အဆင်ပြေတဲ့ အခြားအဖွဲ့အစည်းကို လူသားချင်းစာနာမှုတွေ လုပ်ဆောင်စေတာကို UN က လုံးဝမကျေနပ်ပါဘူး။ ဒါဟာ သူတို့အသည်း ဓားနဲ့ခွဲတာပါပဲ။ အဲဒီလိုအစီအစဉ်သာ အောင်မြင်သွားခဲ့ရင် အခြားနိုင်ငံတွေကလည်း တုပလိုက်လုပ်လာကြရင် မခက်ပေဘူးလား။ အစ္စရေးကို ဂါဇာအပေါ် ပိတ်ဆို့မှုတွေအဆုံးသတ်ဖို့ ဖိအားအမျိုးမျိုး ပေးပါတယ်။ ဂါဇာမှာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အော်တယ်။ အရှေ့အလယ်ပိုင်းဆိုင်ရာ UN အထူးကိုယ်စားလှယ်ကလည်း အော်တယ်။ UN လူသားချင်းစာနာမှုအကြီးအကဲကလည်း အော်တယ်။ အခြား UN အဖွဲ့အစည်းတွေဖြစ်တဲ့ WFP တို့၊ UNICEF တို့၊ WHO တို့ကလည်း အော်တယ်။ နောက်ဆုံး UN အကြီးအကဲကလည်း အော်တယ်ပေါ့။ ဂါဇာမှာ လူတွေသေပါတော့မယ်ပေါ့။ လူတွေ ငတ်မွတ်နေပါပြီပေါ့။ ကလေးတွေ ဘယ်လောက်သေဆုံးပါလိမ့်မယ်ပေါ့။ UN လူသားချင်းစာနာမှုအကြီးအကဲ Tom Fletcher ကဆိုရင် အကူအညီတွေသာ ဂါဇာကို အချိန်မီမရောက်ဘူးဆိုရင် ၄၈ နာရီအတွင်း ကလေးငယ် ၁၄၀၀၀ လောက်အထိ အသက်ဆုံးနိုင်တယ်ဆိုပြီး အတိအကျပြောပါတယ်။

**စာမျက်နှာ ၁၂ သို့** ❐

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများ စတင်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂**

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများအားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများတက်ရောက် ပညာသင်ကြားလျက်ရှိသည်။

**ပံ့ပိုးဆောင်ရွက်**

Naypyitaw State Academy ၏ အတန်းအသီးသီးသို့ ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေရေးအတွက် တက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ လူမှုရေးပညာ၊ အားကစားပညာနှင့် ဆေးပညာအထူးပြု ဘာသာရပ်များ၏ ပထမနှစ်မှ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းအထိ ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ Naypyitaw State Academy တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ ပျဉ်းမနား၊ နေပြည်တော်(သို့မဟုတ်) လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိမြို့နယ်များမှ ကျောင်းသား ကျောင်းသူများတက်ရောက် ပညာသင်ကြားလျက်ရှိသည်။

**သတင်းစဉ်**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် ဇွန် ၂**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၇)အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းများ၌ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ယူနေမှုနှင့် ကျောင်းဆောင်များ၏ ကြံ့ခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရန် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်ပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်မှုရှိစေရန်နှင့် ကျောင်းကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွန်ပြည်နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၈၁၅၁ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၃၈၀၆၇ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**မြဝတီ ဇွန် ၂**

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများအားလုံး စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းသား ကျောင်းသူ ၃၈၀၆၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြဝတီမြို့နယ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အခြေခံပညာကျောင်း ၇၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၈၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံမှုစာရင်းအရ လာရောက်အပ်နှံသော ကျောင်းသား ကျောင်းသူ မူလတန်းအဆင့် ၂၈၉၁၁ ဦး၊ အလယ်တန်းအဆင့် ၇၃၁၁ ဦးနှင့် အထက်တန်းအဆင့် ၁၈၄၅ ဦးရှိပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၈၀၆၇ ဦး လာရောက်အပ်နှံခဲ့ကြရာ ၉၂ ဒသမ ၆၇ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်းနှင့် ထပ်မံလာရောက်၍ ကျောင်းအပ်နှံမှုများရှိရာ သတ်မှတ်ရာခိုင်နှုန်း ပြည့်မီလာမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။



ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကျောင်းတက်နိုင်ရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် မြို့နယ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❐ စာမျက်နှာ ၁၁ မှ

တစ်နည်း ပါးစပ်ပိတ်နေတဲ့ အစ္စရေးနဲ့ အမေရိကန်တို့ကို ဖိအားပေးတာပေါ့။ သတင်းမီဒီယာတွေကလည်း အားအင်ချည့်နဲ့၊ အစာအာဟာရပြတ်နေတဲ့ ကလေးသူငယ်ပုံတွေဖော်ပြပြီး သတင်းတင်ပေးကြပါတယ်။ ဥရောပ အင်အားကြီးတွေဖြစ်တဲ့ UK၊ ပြင်သစ်နဲ့ ကနေဒါတို့ကလည်း အစ္စရေးကို ဂါဇာနဲ့ အနောက်ဘက်ကမ်းက အခြေအနေတွေအတွက် ပြစ်တင်ဝေဖန်ပါတယ်။

**အကူအညီအများစုကတော့ ဖြန့်ဖြူးပေးနိုင်ခဲ့**

အဲဒီလို ဖိအားတွေကြားထဲကပဲ ၂၀၂၅ ခုနှစ် မေလ ၂၇ ရက်နေ့မှာ အစ္စရေးခွင့်ပြုချက်နဲ့ GHF က ဂါဇာမှာ လူသားချင်းစာနာမှုအကူအညီတွေ စပေးပါတယ်။ UN က သူတို့ ပူးပေါင်းဆောင်ရွက်မှာ မဟုတ်ဘူးလို့ ကြေညာပါတယ်။ ဟားမတ်စ်တွေကလည်း GHF နဲ့ ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ဖို့ ဒေသခံအဖွဲ့အစည်းတွေကို သတိပေးပါတယ်။ အကူအညီစပေးတဲ့နေ့မှာပဲ ရှုန်းရင်းဆန်ခတ်မှု အချို့ရှိတယ်၊ အသေအပျောက်အချို့ရှိတယ်ဆိုပြီး သတင်းတွေတက်လာပါတယ်။ သို့သော် အကူအညီအများစုကတော့ အစီအစဉ်အတိုင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ သို့သော် GHF ဟာ ဂါဇာမှာ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်ဖို့ အခက်အခဲတွေ ရှိနေပါတယ်။ ဒေသခံအဖွဲ့အစည်းတွေကလည်း သူနဲ့ ပေါ်ပေါ်တင်တင် အလုပ်မလုပ်ရဲကြပါဘူး။ ဂါဇာဒေသခံတွေကော လူမှုအဖွဲ့အစည်းတွေပါ အစ္စရေးနဲ့ UN အကြား ကြားညပ်နေကြပါတယ်။

**❛ အစ္စရေးက ကုလသမဂ္ဂကို လျစ်လျူရှုပြီး သူတို့နဲ့အဆင်ပြေတဲ့ အခြားအဖွဲ့အစည်းကို လူသားချင်းစာနာမှုတွေ လုပ်ဆောင်စေတာကို UN က လုံးဝမကျေနပ်ပါဘူး။ ဒါဟာ သူတို့အသည်း စားနဲ့ခွဲတာပါပဲ။ အဲဒီလိုအစီအစဉ်သာ အောင်မြင်သွားခဲ့ရင်၊ အခြားနိုင်ငံတွေကလည်း တုပလိုက်လုပ်လာကြရင် မခက်ပေဘူးလား။ အစ္စရေးကို ဂါဇာအပေါ် ပိတ်ဆို့မှုတွေ အဆုံးသတ်ဖို့ ဖိအားအမျိုးမျိုးပေးပါတယ်။ ဂါဇာမှာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အော်တယ်။ အရှေ့အလယ်ပိုင်းဆိုင်ရာ UN အထူးကိုယ်စားလှယ်ကလည်းအော်တယ်။ UN လူသားချင်းစာနာမှုအကြီးအကဲကလည်းအော်တယ်။ အခြား UN အဖွဲ့အစည်းတွေဖြစ်တဲ့ WFP တို့၊ UNICEF တို့၊ WHO တို့ကလည်း အော်တယ်။ နောက်ဆုံး UN အကြီးအကဲကလည်း အော်တယ်ပေါ့ ❜**

အဲဒီလိုအခြေအနေမှာပဲ UN ဆိုင်ရာ အစ္စရေးသံအမတ်ကြီးရဲ့ UN ဟာ သူသာလုပ်ခွင့်မရရင် အခြားသူလည်း လုပ်ခွင့်မရစေရဘူးဆိုတဲ့ လူဆိုး၊ လူမိုက်ဂိုဏ်းဆန်ဆန် ပြုမူနေတယ်ဆိုပြီး ပြောဆိုချက်ထွက်ပေါ်လာပါတယ်။ အစ္စရေးသံအမတ်ကြီးက အချို့သော နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသခံ အင်န်ဂျီအိုအဖွဲ့အစည်းတွေဟာ UN က GHF နဲ့ မပူးပေါင်း မဆောင်ရွက်ဖို့ သတိပေးတာကို လျစ်လျူရှုပြီး အစ္စရေးက စီစဉ်ထားတဲ့ ဂါဇာမှာ အကူအညီပေးရေးအစီအစဉ်အသစ်မှာ ပူးပေါင်းပါဝင်ဖို့ သဘောတူခဲ့ပြီးတဲ့နောက် UN က အဲဒီသဘောတူတဲ့ အဖွဲ့အစည်းတွေကို ဘာမှဆွေးနွေးပြောဆိုမှုမပြုဘဲ UN အကူအညီပေးရေး သတင်းအချက်အလက်စနစ်ထဲက ဖယ်ရှားခဲ့တယ်။ ဒါဟာ အနိုင်ကျင့်တာဖြစ်တယ်။ မာဖီးယား လူဆိုးဂိုဏ်းသဖွယ်ပြုမူတယ်ဆိုပြီး အပြင်းအထန် ဝေဖန်ပါတယ်။ UN ဘက်ကတော့ အဲဒီအစ္စရေးသံအမတ်ကြီးမှတ်ချက်နဲ့ပတ်သက်ပြီး ဘာမှမတုံ့ပြန်သေးပါဘူး။ အစ္စရေးနဲ့ အမေရိကန်ဘက်မှာတော့ UN ကထွက်ဖို့အထိ တောင်းဆိုမှုတွေ ပေါ်ထွက်နေပါတယ်။

အခုဖြစ်ပွားနေတဲ့ အစ္စရေးနဲ့ UN တို့ရဲ့ သံတမန်ရေးအားပြိုင်မှုတွေမှာ သင်ခန်းစာယူစရာတွေရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း လူသားချင်းစာနာမှုအကူအညီတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့မကင်းလှတာမို့ အခုဖြစ်နေတဲ့ အစ္စရေးနဲ့ UN အကြားတင်းမာမှုတွေကို အနီးကပ်စောင့်ကြည့်လေ့လာသင့်ပါကြောင်းသုံးသပ်လေ့လာတင်ပြလိုက်ရပါတယ်။ ။

## အိန္ဒိယနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပွား




**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံ၊ ဆစ်ကင်၊ မဏိပူရနှင့်အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

၎င်းပြည်နယ်များတွင် လက်ရှိအချိန်၌ မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် အနီရောင်သတိပေးချက်ထုတ်ပြန်ထားပြီး အနီးအနားရှိ နာဂလန်း၊ မီဇိုရမ်၊ မဏိပူရနှင့် တြိပူရပြည်နယ်များတွင် လိမ္မော်ရောင်သတိပေးချက်များထုတ်ပြန်ထားသည်။ ဆစ်ကင်ပြည်နယ် မြောက်ပိုင်းရှိ ဆန်ကာလန်တံတားမှာ ဒေသအတွင်းရှိ တက်စ်စတာမြစ်ရေမြင့်တက်လာမှုကြောင့် ကျိုးကျခဲ့ပြီး ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့သည်။ ထို့ပြင် ဗြဟ္မပုတြမြစ်ရေ မြင့်တက်လာမှုကြောင့် အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ဒေသခံ ၁ ဒသမ ၄၄ သိန်းကျော် ထိခိုက်ခဲ့သည်။ အာသံပြည်နယ်အတွင်းရှိ မြစ်များတွင်လည်း မြစ်ရေသည် စိုးရိမ်ရေမှတ်အထိ မြင့်တက်လာမှုကြောင့် ခရိုင် ၁၅ ခုရှိ ဒေသခံ ၇၈၀၀၀ ထိခိုက်ခဲ့သည်။

မိုးအဆက်မပြတ် ရွာသွန်းပြီးရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် အာသံရိုင်ဖယ်တပ်ရင်းက တြိပူရပြည်နယ် ချန်ဒရာပါးနှင့် ရီရှန်ဗာဂန်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

မဏိပူရပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အင်ဖာတောင်ကြားတွင် ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး အိုးမဲ့အိမ်မဲ့များပျက်စီးကာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ တြိပူရပြည်နယ်တွင် ကယ်ဆယ်ရေးစခန်း ၆၀ ၌ ဒေသခံ ၁၀၆၀၀ ကို လက်ခံထားရှိသည်။

အာသံပြည်နယ်နှင့် အိမ်နီးချင်း အရုဏာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြစ်ကမ်းစပ်နှင့် မြေနိမ့်ပိုင်းများ၌ နေထိုင်သူများကို သတိရှိကြရန် အာသံပြည်နယ်ဝန်ကြီးချုပ် ဟီမန်တာဗီစဝါဆာမာက သတိပေးထားသည်။

**ကိုးကား – သည်ဟိန္ဒူ**
**ဘာသာပြန် – စိုးသူရ**

## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား

**ပေကျင်း ဇွန် ၂**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ Xizang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယမန်နေ့က မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရကာ ခုနစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဒန်ကွန်စီရင်စု ကွန်ဒိုမြို့တွင် ယမန်နေ့ည ၉နာရီခွဲခန့်တွင် မြေပြိုမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများ၊ ဆေးဘက်ဆိုင်ရာလုပ်သားများ၊ မီးသတ်သမား ၅၀၀ ခန့်နှင့် အနံ့ခံခွေးများသည် လူနာတင်ယာဉ်များ၊ မြေတူးစက်များ၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးဝေရေးအထောက်အကူပြုပစ္စည်းများ အကူအညီဖြင့် မြေပြိုမှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မြေပြိုမှုထပ်မံဖြစ်ပွားနိုင်ကြောင်းလည်း တာဝန်ရှိသူများက သတိပေးခဲ့သည်။ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်များအတွက် အဆင့်-၄ အရေးပေါ်တုံ့ပြန်မှုစတင်ခဲ့ပြီး ကယ်ဆယ်ရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**






## နိုင်ဂျီးရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပွား

**အဗူဂျာ ဇွန် ၂**

နိုင်ဂျီးရီးယားနိုင်ငံ မော့ကဝါမြို့တွင် ပြီးခဲ့သည့် သီတင်းပတ်က ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး လူ ၂၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဒေသခံ ၅၀၀ ပျောက်ဆုံးနေကြောင်းသိရသည်။ မိုးသည်းထန်စွာရွာသွန်းပြီးနောက် နိုင်ဂျာပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။ လက်ရှိတွင် အာဏာပိုင်များသည် ရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် အပျက်အစီးများအောက်မှအလောင်းများကို တူးဖော်လျက်ရှိသည်။ ဖြစ်စဉ်အတွင်း လူပေါင်း ၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နိုင်ဂျာပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဌာန ပြောရေးဆိုခွင့်ရှိသူအီဘရာဟင်က ပြောကြားခဲ့သည်။

ဖြစ်စဉ်အတွင်း ထိခိုက်ခံစားရသော မိသားစုများနှင့် နိုင်ဂျာပြည်နယ်မှ ဒေသခံများအတွက် ဝမ်းနည်းကြေကွဲကြောင်း နိုင်ဂျီးရီးယားသမ္မတ Bola Tinubu က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒုက္ခသည်များကို ထောက်ပံ့ရန်၊ ပြန်လည်ထူထောင်ရေးကို အရှိန်မြှင့်ရန်နှင့် အရေးပေါ်တုံ့ပြန်မှုကို အသက်သွင်းရန် တာဝန်ရှိသူများအား ၎င်းက ညွှန်ကြားခဲ့သည်။ **ကိုးကား–အာဖရိကနယူးစ်**
**ဘာသာပြန်–စိုးသူရ**

## ရုရှားနှင့် ယူကရိန်းအကြား လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**အစ္စတန်ဘူလ် ဇွန် ၂**

ရုရှားနှင့် ယူကရိန်းအကြား လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။




ယခု ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက်ဖြစ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းများအတွက် တူကီယဲနိုင်ငံက လိုအပ်သည်များ ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်ကပြောကြားသည်။ ယခုဆွေးနွေးပွဲမှတစ်ဆင့် ခေါင်းဆောင်များအကြား ဆွေးနွေးပွဲကျင်းပရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရုရှားကိုယ်စားလှယ်အဖွဲ့အား သမ္မတ၏ လက်ထောက် ဗလာဒီမာမီဒန်စကီးက ဦးဆောင်ပြီး ယူကရိန်းကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီး ရက်စတန်ယူမီရော့က ဦးဆောင်ကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းအကြား မေ ၁၆ ရက်က တွေ့ဆုံစဉ်အတွင်း ထိန်းသိမ်းထားသည့် အကျဉ်းသား တစ်ထောင်စီကို အပြန်အလှန်လဲလှယ်ရန် သဘောတူခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့ပြောကြား

**ဂျေရုဆလင် ဇွန် ၂**

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင်ပြောကြားသည်။ ၎င်းဆွေးနွေးပွဲအောင်မြင်စေရေးအတွက် ကာတာနှင့် အီဂျစ်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ဆွေးနွေးပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဂါဇာဒေသခံများခံစားနေရသည့် လူမှုဒုက္ခများချုပ်ငြိမ်းစေရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး၊ ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးနှင့် ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏ ယခုပြောကြားချက်အပေါ် အစ္စရေးက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်းမရှိချေ။ အစ္စရေးတပ်ဖွဲ့များအား ဂါဇာဒေသမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိုက်ခိုက်မှုများ အများအပြားဆောင်ရွက်ရန် အစ္စရေးတပ်မတော်အကြီးအကဲ အီယာဇက်မီယာကညွှန်ကြားခဲ့သည်။ အစ္စရေးဓားစာခံများလွတ်မြောက်လာစေရန်နှင့် ဟားမတ်စ်အဖွဲ့အား ချေမှုန်းနိုင်စေရန်အတွက် တိုက်ခိုက်မှုများဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အွန်လိုင်းမှတစ်ဆင့် ကုန်ပစ္စည်းများ တရားမဝင် တင်သွင်းရောင်းချ၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော ချမ်းမြငြိမ်း(ခ)ချမ်းချမ်း(အဆိုတော်)၏ ခိုင်းစေမှုဖြင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့်ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေး အဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

**ဖမ်းဆီးရမိ**

ထိုသို့ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ၈၁ x ၈၂ လမ်းကြား၊ ၃၃ လမ်းနေ Treasure Hnin Online Shop လုပ်ငန်းလုပ်ကိုင်သူ ဖြူဖြူနှင်းအားလည်းကောင်း၊ မေ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၅၄ ရပ်ကွက် ချယ်ရီ ၁ လမ်းနှင့် ရွှေသပြေလမ်းထောင့်၊ အမှတ်(၃/က)နေ ဘုန်းမြင့်အောင်အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့နှစ်ဦးသည် နိုင်ငံ့ဝန်ထမ်းများ (Disloyalty Civil Servant – DCS) လှုပ်ရှားမှုတွင် ပါဝင်ရန် လှုံ့ဆော်ခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်ရန် Social Media များမှတစ်ဆင့် Post တင် ရေးသားခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ချမ်းမြငြိမ်း(ခ)ချမ်းချမ်း (အဆိုတော်)၏ ခိုင်းစေချက်အရ ၎င်းပြည်ပမှ တရားမဝင်တင်ပို့လိုက်သော နိုင်ငံခြားဖြစ်ပစ္စည်းများအား အခကြေးငွေဖြင့် ထပ်ဆင့်ဖြန့်ဝေရောင်းချခြင်း၊ ငွေကြေးကောက်ခံပေးခြင်းနှင့် ချမ်းမြငြိမ်း(ခ)ချမ်းချမ်း ပေးပို့စေလိုသော အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေး ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

ချမ်းမြငြိမ်း(ခ)ချမ်းချမ်း (အဆိုတော်)သည် Shop Me အမည်ဖြင့် Facebook Page အား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းလိုင်စင်မရှိဘဲ နိုင်ငံခြားဖြစ် လက်ကိုင်အိတ်၊ နာရီ၊ ခါးပတ်နှင့် အကျီစသော အသုံးအဆောင်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် ရောင်းချ၍ ပြည်တွင်းသို့ တရားမဝင်တင်သွင်းကာ ဖြန့်ဖြူးရောင်းချနေသူ ဖြစ်သည့်အပြင် ရရှိလာသောငွေကြေးများအနက် အချို့အား ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အချို့အား အကြမ်းဖက်အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။



တရားခံပြေး
ချမ်းမြငြိမ်း(ခ)ချမ်းချမ်း



ဖမ်းဆီးရမိတရားခံ
ဖြူဖြူနှင်း



ဖမ်းဆီးရမိတရားခံ
ဘုန်းမြင့်အောင်

နိုင်ငံတော်အစိုးရ အနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုလည်း အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင်ရောင်းချခြင်း၊ ပြည်ပမှဥပဒေမဲ့တင်သွင်းရောင်းချသူများနှင့်ချိတ်ဆက်၍ ထပ်ဆင့်ဖြန့်ဝေရောင်းချခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော ဖြူဖြူနှင်းနှင့် ဘုန်းမြင့်အောင်တို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ NUG/PDF အကြမ်းဖက် အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်တွင် တရားမဝင်ဈေးရောင်းချနေသည့် ပန်ဆယ်လိုအကောင့်ပိုင်ရှင် အိမ့်ပိုး၊ Ma Irene အကောင့်ပိုင်ရှင် အိုင်ရင်း၊ ShweNadi အကောင့်ပိုင်ရှင် သင်းသင်းနွယ်၊ Zune Nilar Htay အကောင့်ပိုင်ရှင် ဇွန်နီလာဌေး၊ Aung Thaw အကောင့်ပိုင်ရှင် အောင်သော်၊ Khaing Su Lwin အကောင့်ပိုင်ရှင် DCS ဆရာမ ခိုင်စုလွင်၊ P&H Fashion အကောင့်ပိုင်ရှင် ထက်နီနီသန်း၊ Tr Chan Chan အကောင့်ပိုင်ရှင် ချမ်းမြမြသော် စသည့် လူမှုကွန်ရက်အကောင့်များနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့် ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကို လည်း အကြမ်းဖက်ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေး အတွက် ထောက်ပံ့ပေးလျက် ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့နှင့် ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန် ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အား အသုံးပြု၍ တရားမဝင်ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များအား ဆက်လက်ဖော်ထုတ်၍ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဘုရားတောင်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၍ ဆုတ်ခွာထွက်ပြေး

နေပြည်တော် ဇွန် ၂

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့ ညနေပိုင်းတွင် ဘုရားတောင်ကျေးရွာအနီးသို့အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ



အကြမ်းဖက်သမားများ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား မီးရှို့၍ ဆုတ်ခွာထွက်ပြေးသည့် မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ခုခံနိုင်ခြင်းမရှိတော့သည့်အတွက် အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့လွတ်လပ်စွာ ဆုတ်ခွာထွက်ပြေးနိုင်ရန် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ ကျေးရွာ၏ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ဆုတ်ခွာရာနောက်သို့ ထက်ကြပ်လိုက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်မှ ကျေးရွာနေ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ညောင်ရွှေမြို့နယ် ဘုရားတောင်ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို တွေ့ရစဉ်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်တွင် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြုလုပ်ရန် အစည်းအဝေးကျင်းပနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက်ပစ်ခတ်

နေပြည်တော် ဇွန် ၂

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများနှင့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အစိုးရဝန်ထမ်းများ၊ ၎င်းတို့နှင့် အမြင်အယူ အဆမတူသူ အပြစ်မဲ့အရပ်သား ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ အကြမ်းဖက် လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိသည်။



ထိုသို့ ကျူးလွန်လျက်ရှိရာ မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်အပါအဝင် ရပ်မိရပ်ဖများသည် မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်ရန် အစည်းအဝေးပြုလုပ်နေစဉ် ဇွန် ၁ ရက် ညနေပိုင်းက PDF အမည်ခံ အကြမ်းဖက်သမား ၁၅ ဦးခန့်သည် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့သဖြင့် ဦးမြင့်ဇော် အပါအဝင် ရပ်မိရပ်ဖ ခုနစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါသေဆုံး၊ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဘာသာသာသနာရေးအတွက် ဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အပြစ်မဲ့ရပ်မိရပ်ဖများအား လူသားမဆန်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးအရေးယူ ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ။









# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာမှ အလယ်တန်းပြဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်

နေပြည်တော် ဇွန် ၂

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက် ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ဇွန် ၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ ဝက်ချုပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာမဖြစ်သူ ဒေါ်သန်းညွန့် အသက် ၆၁ နှစ်နှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းခင် အသက် ၅၉ နှစ်တို့သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဆရာမ ဒေါ်သန်းညွန့်အား သစ္စာမဲ့ဝန်ထမ်း(Disloyalty Civil Servant- DCS) ပြုလုပ်ရန်နှင့် ကျောင်းအပ်လက်ခံခြင်းအား ဆက်လက်မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုရာ ဆရာမ ဒေါ်သန်းညွန့်က ကျောင်းသား ကျောင်းသူများ၏ အနာဂတ်အရေးအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ကျေပွန်လို၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ထောက်ခံအားပေးမှုမရှိသည့်အတွက် ၎င်းတို့ နှစ်ဦးအား အဆိုပါကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာသို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ပညာရေးဝန်ထမ်းများအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်အထိ အကြမ်းဖက်ကျူးလွန်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်း သေဆုံးသူ ၇၉ ဦး၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် နိုင်ငံ့ဝန်ထမ်းကောင်းဆရာ ဆရာမများအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများ၊ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများအား ပြည်သူလူထုအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဝက်ချုပ်)မှ အလယ်တန်းပြ ဆရာမ ဒေါ်သန်းညွန့်နှင့် ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

# ဟင်္သာတမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကျင်းပ

ဟင်္သာတ ဇွန် ၂

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထည့်သွင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကံလှကျေးရွာရှိ တောင်သူဦးကိုဌေးပိုင် လယ်မြေ ၇ ဒသမ ၀၀ ကေ၌ ကျင်းပသည်။



သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထယ်ထိုးထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားတွင် ဟင်္သာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးစောဝင်းရွှေက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူဦးကိုဌေးပိုင်လယ်မြေ၌ စိုက်ပျိုးထားသော သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)များအား ထယ်ထိုးထည့်သွင်း သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူ့ကျိန်စာ တန်ပြန်ခံနေရတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် ၄-၆-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များ နှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မိုးရွာသွန်းမှုကြောင့် မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာရင်ပြင်အထက် မန်းချောင်းရေ တစ်ပေခန့်မြင့်တက်

မင်းဘူး ဇွန် ၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း နေ့စဉ် မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်မှုကြောင့် ယနေ့နံနက်ပိုင်းက မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာရင်ပြင်အထက် မန်းချောင်းရေ တစ်ပေခန့် ဖြတ်ကျော်စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ မေ ၂၅ ရက်မှ စတင်ကာ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် မေ ၃၁ ရက် နံနက်ပိုင်းတွင် မန်းချောင်းရေများ တဖြည်းဖြည်း မြင့်တက်လျက်ရှိကြောင်း၊ ယခုလက်ရှိ အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမုစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ တစ်ပေခန့်မြင့်တက်နေပြီဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောကြားသည်။



အဆိုပါ မန်းချောင်းရေများသည် ရွှေစက်တော် မန်းချောင်းမှတစ်ဆင့် မင်းဘူး(စကု)မြို့နယ်ကို ဆက်လက်ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မိုးများ အဆက်မပြတ်ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်း ဝင်ရောက်လာနိုင်သည့်အတွက် မန်းချောင်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် အထူး သတိပြုနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

ယခုလက်ရှိ မန်းချောင်းရေကြီးခြင်းမှာ မန်း ရွှေစက်တော်ဘုရားကြီးအထက်ပိုင်းရှိ ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံနှင့် ရင်းရှည်ရေလှောင်တမံ တို့၏ ပင်မရေပိုလွှဲမှ ဆည်ရေကျော်ပြီး ရေကြီးခြင်း မဟုတ်ဘဲ မိုးများ၍ ဘုရားကြီးတွင် သာမန် ရေကျော်ခြင်းဖြစ်ကြောင်း၊ ဇွန် ၂ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ မန်းချောင်းရေလှောင်တမံ၏ ဆည်ရေပြည့်အမှတ်မှာ ၆၂၅ ပေဖြစ်ပြီး လက်ရှိ ရေအမှတ်မှာ ၆၁၂ ပေ အထိ ရောက်ရှိခဲ့သည့်အတွက် ဆည်ရေပြည့်ရန် ၁၂ ဒသမ ၃ ပေ လိုသေးကြောင်း၊ အလားတူ ရင်းရှည်ရေလှောင်တမံ၏ ဆည်ရေပြည့် အမှတ်မှာ ၆၀၂ ပေ ဖြစ်ပြီး လက်ရှိရေအမှတ်မှာ ၅၉၆ ဒသမ ၄ ပေ အထိ ရောက်ရှိခဲ့သည့်အတွက် ဆည်ရေ ပြည့်ရန် ၅ ဒသမ ၆ ပေ လိုသေးကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးရွာသွန်းမှုများပြားသောကြောင့် ရပ်ကွက်များအတွင်း ရေကျော်မှုများဖြစ်ပွားသည့်နေရာများသို့ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးရွာသွန်းမှုများပြားသောကြောင့် ဇွန် ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာရာ မြစ်ကမ်းနံဘေးရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေများ ဝင်ရောက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ဧရာဝတီမြစ်ရေ ၁၂၁၈ စင်တီမီတာခန့် မြင့်တက်လာခဲ့သည်။ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ၁၁၉၅ စင်တီမီတာခန့် လျော့ကျကာ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာ အောက် ၅ စင်တီမီတာခန့် လျော့ကျခဲ့သည်။

အဆိုပါ မြစ်ရေဝင်ရောက်မှု ဖြစ်ပွားရာနေရာများရှိ ဒေသခံ ပြည်သူများအား ယနေ့တွင် နယ်မြေခံ တပ်မတော်သားများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် သွားလာရန်ခက်ခဲသည့် နေရာများတွင် စက်လှေများ၊ ယာဉ်များဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကုမ္ပဏီလုပ်ငန်းရှင်များအား တင်ဒါလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

တောင်ကြီး ဇွန် ၂

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် တင်ဒါအောင်မြင်သည့်လုပ်ငန်းရှင်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်မှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦး(လက်ထောက်ညွှန်ကြားရေးမှူး)က ကုမ္ပဏီလုပ်ငန်းရှင်များအား တင်ဒါဆောင်ရွက်သည့်လုပ်ငန်းများအပေါ် အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ ကုမ္ပဏီလုပ်ငန်းရှင် ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တိုက်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲ



တိုက်ကြီး ဇွန် ၂

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ ပြေစာ အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအောင် ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ ပူးပေါင်း၍ တိုက်ကြီးမြို့နယ် အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လိုက်လံချိတ်ဆွဲခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကလေးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကလေး ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မိုးရာသီအကြိုသစ်ပင် စိုက်ပွဲကို ကလေးခရိုင် သစ်တောဦးစီးဌာန ခရိုင်သစ်တောဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများဦးဆောင်၍ မေ ၃၁ ရက် နံနက်ပိုင်းက ကလေး-ကလေးဝလမ်း၊ မိုင်တိုင်အမှတ် (၅/၀၄) တွင် ကျင်းပခဲ့သည်။

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ခဲ့ကြသည်။ ထို့နောက် ကလေးခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၄၅၀ တို့က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၂၅၀၊ ပိတောက်ပင် ၁၅၀၊ တမာပင် ၂၀၀၊ မည်စည် ၁၀၀၊ ဗာဒံ ၁၀၀၊ မဲဇလီ ၂၀၀၊ ယမနေ ၅၀ စုစုပေါင်းပျိုးပင် ၁၂၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဧရာဝတီမြစ်ရေ မြစ်ကြီးနားမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# နွားနောက် - Mithun (သို့မဟုတ်) လျစ်လျူရှုခံရသည့် နွားမျိုးစိတ်

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)



ချင်းတောင်တန်း၌ တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် နွားနောက်များ။

နွားနောက် – Mithun (သိပ္ပံနာမည် – *Bos frontalis*) သည် မြန်မာနိုင်ငံ အထူးသဖြင့် ချင်းပြည်နယ်၏တောင်တန်းဒေသများတွင်အိမ်မွေး တိရစ္ဆာန်အဖြစ် မွေးမြူထားသော နွားမျိုးစိတ်တစ်ခု ဖြစ်သည်။ နွားနောက်သည် အရှေ့ဟိမဝန္တာ (အိန္ဒိယ အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် တိဗက်) တောင်တန်းဒေသများရှိ တိုင်းရင်းသား ဒေသခံလူမျိုးများအတွက် အလွန်အရေးပါသော်လည်း သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လျစ်လျူရှုခံနေရသည်။ နွားနောက် (*Bos frontalis*) ကို အိန္ဒိယတွင် Gayal ဟုလည်း လူသိများသည်။ မြန်မာနှင့် ဘူတန်နိုင်ငံတို့တွင် Mithun ဟုခေါ်ပြီး တရုတ်နိုင်ငံတွင် Drung ox ဟု အမည်တွင်ကာ အိန္ဒိယအရှေ့မြောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့တွင်တွေ့ရှိရသည့် နွားနောက်မျိုးများမှာ ခြေအိတ်ဖြူပုံစံအမှတ်အသားနှင့် ချွန်ထက်သော တြိဂံပုံဦးချိုများပါရှိသည့်နွားမျိုးဖြစ်သည်။ နွားနောက် (*Bos frontalis*) သည် ယဉ်ကျေးအောင်မွေးမြူထားသော ထူးခြားသည့် နွားမျိုးစိတ်တစ်ခုဖြစ်ပြီး နှစ်ပေါင်း ၈၀၀၀ ကျော်ကတည်းက စတင်ပေါ်ပေါက်ခဲ့သည်ဟု ယုံကြည်ရပြီး အိန္ဒိယနိုင်ငံ ရိုင်းဂေါ်ရခြောက် (Indian gaur) မှ ဆင်းသက်လာသည်ဟု သိပ္ပံပညာရှင်များက မှတ်ယူထားကြသည်။

နွားနောက်သည် ချင်းလူမျိုးများအပါအဝင် အရှေ့ဟိမဝန္တာဒေသခံများအတွက် လူမှုရေး၊ ဓလေ့ထုံးတမ်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဗဟိုချက်မအဖြစ်ပါဝင်နေပေသည်။ အသားထုတ်လုပ်ရန် အဓိက မွေးမြူကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ (ယာဉ်အဖြစ်၊ မြေယာထွန်ယက်ရာတွင်) တွင်လည်း အသုံးပြုသည်။ မိသားစု၏ချမ်းသာကြွယ်ဝမှုကို ဖော်ညွှန်းသည့် အထိမ်းအမှတ်သင်္ကေတလည်းဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း အဆင့်အတန်းသတ်မှတ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အိန္ဒိယတွင် နွားနောက်အသားသည် ယဉ်ကျေးမှုနှင့် ဘာသာရေးအရ အရေးပါပြီး မင်္ဂလာဆောင်နှင့် ခရစ္စမတ်ပွဲတော်များတွင် ရေပန်းစားသောအစားအစာတစ်ခုဖြစ်သည်။

**နွားနောက်၏သဘာဝ**

အပင်စားသတ္တဝါ (Herbivorous) ဖြစ်ပြီး သဘာဝအတိုင်းနီးပါးနေထိုင်သော အလေ့အထကြောင့် အပူပိုင်းမိုးသစ်တောများ ထိန်းသိမ်းရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နွားနောက် – Mithun များကို ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ မှ ၉၀၀၀ အကြား သစ်တောထူထပ်သောဒေသများတွင် ပုံမှန်အားဖြင့် တွေ့ရသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိသည်။ မြေပြန့်လွင်ပြင်ထက် တောင်စောင်းတောင်ကမ်းပါးနှင့် တောင်ပြန့်များတွင် အုပ်စုဖွဲ့နေထိုင်ကျက်စားလေ့ရှိသည်။ သို့သော် နှစ်ပေါင်းများစွာ ကြာလာသည်နှင့်အမျှ နွားနောက်များ၏ သစ်တောကျက်စားရာနေရာများ လျော့နည်းလာခဲ့သည်။ နွားနောက်များသည် မြက်များကို စားသုံးသည့် အခြားနွားမျိုးနွယ်များနှင့် မတူဘဲ သစ်တောထဲမှ အရွက်များနှင့်အပင်ငယ်များကို စားလေ့ရှိသည်။ အရွက်၊ သစ်ဖု၊ သစ်မြစ်နှင့် ချုံနွယ်များကို နှစ်သက်ပြီး နံနက်စောစောနှင့် ညနေခင်းတွင် အစာရှာလေ့ရှိသည်။ လေ့လာမှုများအရ နွားနောက်များသည် အပင်များ၏ အရွက်အစိတ်အပိုင်းများကို အဓိကစားသုံးလေ့ရှိပြီး အညွန့်အစိတ်အပိုင်းများကိုမူ အလွန်နည်းပါးစွာ စားသုံးကြောင်းတွေ့ရှိရသည်။ ဆားငန်ရည်ရှိသော စားကျက်မြေကို ပိုမိုကြိုက်နှစ်သက်သည်။ ပုံမှန်ဆားကျွေးမွေးခြင်းအားဖြင့် အလွန်ယဉ်ပါးသော တိရစ္ဆာန်အဖြစ် လေ့ကျင့်မွေးမြူလေ့ရှိသည်။ နွားနောက်အချို့သည် တောရိုင်းသတ္တဝါများအဖြစ် သစ်တောထဲတွင် အချိန်ပြည့်နေကြသော်လည်း အများစုမှာ ညဘက်တွင်ကျေးရွာသို့ပြန်လာလေ့ရှိသည်။ ရိုးရာဓလေ့အရ ချင်းလူမျိုးများသည် နွားနောက်များကို ညဘက်တွင် တိုင်ထောင်အိမ်များ၏အောက်တွင် ထားလေ့ရှိသည်။ နွားနောက်များကို မြို့ပြထက်ကျေးလက်တောရွာများတွင် အများဆုံး မွေးမြူကြသည်။ သို့သော် ယခုအခါ မင်းတပ်နှင့် မတူပီမြို့တို့ကဲ့သို့ မြို့ပြင်ဘက်တွင် နွားနောက်အုပ်များကို စတင်မွေးမြူလာကြသည်။ နွားနောက်– Mithun များသည် သစ်တောများကို ထိန်းသိမ်းရန် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ အစာအဖြစ် စားသုံးရာမှ သစ်ပင်မျိုးစေ့များကို အူလမ်းကြောင်းမှတစ်ဆင့် ပြန့်ပွားစေခြင်း (Endozoochory) ဖြင့် သစ်ပင်များ၏မျိုးစေ့ပျံ့နှံ့မှုကို အထောက်အကူပြုပြီး သစ်တောဂေဟစနစ်ကို ထိန်းသိမ်းပေးသည်။ ချင်းလူမျိုးများအတွက် နွားနောက်များသည် သစ်တောရိုင်းကြီးနှင့် ကျေးရွာတို့ကြားရှိ အကျိုးပြုသော ဆက်သွယ်မှုတစ်ခုဖြစ်သည်။

> **နွားနောက်သည် ချင်းလူမျိုးများအပါအဝင် အရှေ့ဟိမဝန္တာဒေသခံများအတွက် လူမှုရေး၊ ဓလေ့ထုံးတမ်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဗဟိုချက်မအဖြစ်ပါဝင်နေပေသည်။ အသားထုတ်လုပ်ရန် အဓိကမွေးမြူကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ (ယာဉ်အဖြစ်၊ မြေယာထွန်ယက်ရာတွင်) တွင်လည်း အသုံးပြုသည်။ မိသားစု၏ချမ်းသာကြွယ်ဝမှုကိုဖော်ညွှန်းသည့် အထိမ်းအမှတ်သင်္ကေတလည်းဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း အဆင့်အတန်းသတ်မှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်**

**ဖြစ်ပွားတတ်သောရောဂါများ**

နွားနောက်များ၏ကျန်းမာရေးသည် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုအတွက် အရေးပါလှပေသည်။ Mithun (*Bos frontalis*) များသည် အခြားနွားမျိုးနွယ်ဝင်များကဲ့သို့ပင် ကူးစက်နိုင်သော (infectious) နှင့် မကူးစက်နိုင်သော (non–infectious) ရောဂါများကိုခံစားရနိုင်သည်။ နွားနောက်များတွင် ခွာနာလျှာနာရောဂါ (FMD)၊ ထောင့်သန်းရောဂါ (Anthrax)၊ အရေပြားအဖုအပိမ့်ရောဂါ (Lumpy Skin Disease – LSD)၊ နာတာရှည်ဝမ်းပျက်ဝမ်းလျှော ဂျုန်းရောဂါ (Johne’s Disease)၊ သားလျှောရောဂါ (Brucellosis) စသောကူးစက်ရောဂါများနှင့် သွေးစုပ်ကပ်ပါးများ (Tick–borne diseases) စသည့် ကပ်ပါးရောဂါများ ဖြစ်ပွားနိုင်ပြီး စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်း၊ သန့်ရှင်းသောမွေးမြူရေးစနစ်နှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ရန် အရေးကြီးပါသည်။ နွားနောက်၏ သဘာဝနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်း အလေ့အထသည် ရောဂါထိန်းချုပ်ရေး၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ ထို့ကြောင့် ၎င်း၏ဂေဟစနစ်ကို ကာကွယ်ခြင်းသည် လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပါသည်။ နွားနောက်များ၏ ပုံမှန်နေထိုင်ရာသစ်တောများကို သစ်ခုတ်မှုနှင့် လက်ဖက်ခြံများ ကျူးကျော်ဝင်ရောက်လာမှုတို့က ခြိမ်းခြောက်နေသည်။ နွားနောက်အမများသည် နို့စို့ကလေးငယ်များနှင့်အတူရှိလျှင် ရန်မူတတ်လေ့ရှိသည်။ သားပေါက်ငယ်များကို ခွေးအနှင့် အခြားတောရိုင်းတိရစ္ဆာန်များ ကိုက်ဖြတ်စားသောက်ခြင်းကြောင့် နွားနောက်ကောင်ရေတိုးပွားမှုကို အဟန့်အတားဖြစ်စေသည်။

**နွားနောက်(*Bos frontalis*)၏**
**ထူးခြားသောလက္ခဏာများ**


*Frontalis* ဆိုသည့်အမည်သည် လက်တင်ဘာသာစကား(musculus frontalis)မှ ဆင်းသက်လာပြီး “နဖူးနှင့်ဆိုင်သော ကြွက်သား”ဟု အဓိပ္ပာယ်ရပါသည်။ ၎င်း၏ ထင်ရှားသောလက္ခဏာမှာ ဦးခေါင်းပိုင်းတွင်ဖြစ်သည်။ ဘို့မရှိ၊ ဦးချိုအရင်း၌ ပြားနေတတ်ပြီး ၎င်း၏ဦးခေါင်းတွင် ဖွံ့ဖြိုးထူထဲသော နဖူးရိုး၊ ပြားချပ်သည့်မျက်နှာပုံပန်းနှင့် ဆန့်ကျင်ဘက်တြိဂံပုံ အစိတ်အပိုင်းတို့ပါရှိပြီး ထိုနေရာမှ ဘေးနှစ်ဖက်သို့ကော့ထွက်နေသော ဦးချိုများက ထူးခြားသောအသွင်အပြင်ကိုဖန်တီးထားသည်။ လည်ပင်းအောက်တွင် လျှော့ကျနေသော လည်ပင်းအရေပြား (dewlap)ရှိသည်။ အထီးများတွင် ပို၍သိသာသည်။ ကျောကုန်းရိုးတစ်လျှောက်တွင် မို့မောက်၍နေတတ်သည်။ ကြံ့ခိုင်သောကြွက်သားများ၊ ကျယ်ပြန့်သောရင်အုပ်နှင့် ခြေထောက်များရှိသည်။ အမွေးအရောင်မှာ နက်မှောင်သောအညိုရောင် (သို့မဟုတ်) အနက်ရောင်ဖြစ်ပြီး ခြေအနိမ့်ပိုင်းမှာ အဖြူ (သို့မဟုတ်)ဝါညိုရောင်ဖြစ်သည်။ နွားနောက်– Mithun အရေခွံသည် သာမန်နွားများ၏အရေခွံထက် အရွယ်အစားနှင့် အထူ သုံးဆနီးပါးရှိသည်။

**အရွယ်ရောက်ခြင်းနှင့်မျိုးပွားခြင်း**

နွားနောက်များသည် polyestrous သတ္တဝါများဖြစ်ပြီး တစ်နှစ်ပတ်လုံး မျိုးပွားနိုင်ကာ သတ်သတ်မှတ်မှတ် မွေးမြူရာသီမရှိပါ။ တောထဲတွင် တစ်နှစ်ပတ်လုံး လွတ်လပ်စွာသွားလာလျက် သဘာဝအတိုင်း မျိုးပွားကြသည်။ နွားနောက်များသည် အများအားဖြင့်အရွယ်ရောက်သော အထီးတစ်ကောင်၊ အမ ၅–၁၀ ကောင်နှင့် ငယ်ရွယ်သောကလေးများ ပါဝင်သော အုပ်စုများဖွဲ့၍ နေတတ်ကြသည်။ သာမန်နွားများထက်ကြီးထွားနှုန်းကောင်း၍ အရွယ်ရောက်ချိန်စောသည်။ အထီးများသည် ၁၈ လမှ နှစ်နှစ်အကြားတွင် အရွယ်ရောက်သည်။ အမသည် တစ်နှစ်ခွဲတွင်အရွယ်ရောက်၍ မိတ်လိုက်ပြီး သားပေါက်လေ့ရှိကာ တစ်နှစ်တစ်သားကျသည်။ ကိုယ်ဝန်ဆောင်ကာလမှာ ၂၇၄ ရက်ဖြစ်သည်။ အသက် ၁၂– ၁၅ နှစ်အထိ သားမွေးနိုင်သည်။ မိုးရာသီနှင့် ဆောင်းဦးရာသီတို့တွင် သားပေါက်နှုန်း အများဆုံး ၃၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပြီး နွေရာသီနှင့် ဆောင်းရာသီတို့တွင် သားပေါက်နှုန်း ၁၆ ဒသမ ၇ ရာခိုင်နှုန်းသာ တွေ့ရှိရသည်။ ၎င်းသည် ဆောင်းရာသီ (ဒီဇင်ဘာ–ဖေဖော်ဝါရီ) တွင် သန္ဓေအောင်နှုန်း ပိုမိုမြင့်မားကြောင်း ညွှန်ပြနေသည်။ နွေရာသီပြီးနောက် မိုးရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့တွင် အစိမ်းရောင်အရွက်များ၊ မြက်များရရှိနိုင်မှုကြောင့် တိရစ္ဆာန်များ၏ အစာစားနှုန်းနှင့် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းဖြစ်နိုင်ပါသည်။ နွားနောက်သည် အခြားနွားမျိုးစိတ်များနှင့် မျိုးစပ်နိုင်သော်လည်း အထီးသားပေါက်များသည် မျိုးမအောင်တတ်ပါ။ သားစမ်းသပ်မှုသုတေသနအရ နွားရွှေနီအထီးနှင့် နွားနောက်အမမျိုးစပ်ပါက ပေါက်ဖွားသောအမသည် မျိုးအောင်၍ အထီးသည် သားမြုံသည်။

စာမျက်နှာ ၁၉ သို့ ○

**"တောတောင်ထဲတွင် လွှတ်ကျောင်းမွေးမြူထားသောနွားနောက်များတွင် ဟော်မုန်းပါဝင်သော ထိုးဆေး၊ ပိုးသတ်ဆေး၊ ဓာတုမြေဩဇာ စသည့် ဓာတုပစ္စည်းများမပါဝင်ခြင်းနှင့် အဆီပ်အတောက်ကင်းစင်ပြီး သဘာဝအတိုင်း ကြီးထွားခြင်းတို့ကြောင့် နွားနောက်အသားနှင့် နို့သည် အာဟာရပြည့်ဝသော အော်ဂဲနစ်ထုတ်ကုန်များဖြစ်ကာ ဈေးကွက်တွင် အထူးတန်ဖိုးရှိသည်။ မြက်နှင့် သဘာဝအစာစားသုံးမှုကြောင့် မွေးမြူရေးနွားများမှ ထွက်ရှိသော အမဲသားထက် ပိုမိုမာကျောပြီး အရသာရှိခြင်း၊ အဆီပါဝင်မှုနည်းပြီး ကျန်းမာရေးနှင့် သင့်တော်ခြင်းတို့ကြောင့် နွားနောက်အသားကို အိန္ဒိယအရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ အနောက်မြောက်ဒေသနှင့် ဘူတန်တို့တွင် ရိုးရာဓလေ့ဆိုင်ရာ အခမ်းအနားများ၊ မင်္ဂလာဆောင်များနှင့် ဒေသခံများ၏ နေ့စဉ်အစားအစာအဖြစ် စားသုံးကြ"**




မွေးမြူထားရှိသောနွားနောက်ကောင်ရေစာရင်း(တိ–ကောင်ရေစာရင်း ၂၀၂၃ မှ)

○ စာမျက်နှာ ၁၈ မှ

နွားနောက်အထီးနှင့် နွားရှေ့နီအမမျိုးစပ်ပါက ပေါက်ဖွားသောအထီး၊ အမများသည် မျိုးအောင်ပြီး နွားနောက်အထီးနှင့် နို့စားနွားဖရီရှန်အမ၊ နို့စားနွား ဖရီရှန် အထီးနှင့် နွားနောက်အမတို့ သားစပ်ပါက လည်း ပေါက်ပွားသောအထီး၊ အမနှစ်မျိုးလုံး မျိုးအောင်သည်ကိုတွေ့ရှိရသည်။ နွားနောက်အထီး သည် ခြောက်နှစ်– ခုနစ်နှစ်အရွယ်ထိ မိတ်လိုက် လေ့ရှိပြီး ကျော်လွန်ပါက သီးသန့်နေတတ်သည်။ အရည်အသွေးပြည့်မီသော မျိုးပွားမှုဆိုင်ရာ နွားနောက်ထီးများရှားပါးခြင်းသည် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ အရည်အသွေးပြည့်မီသော နွားနောက်ထီးများနည်းပါးခြင်းကြောင့်၊ မျိုးရိုး တူချင်းမွေးမြူမှုများ (inbreeding) နှင့် မျိုးဆက် ပျက်စီးမှုများ (breed deterioration) ဖြစ်ပေါ်နိုင် ပါသည်။ အဘယ်ကြောင့်ဆိုသော် ထူးချွန်သော နွားနောက်ထီးအနည်းစုကိုသာ အလွန်အကျွံအသုံး ပြုရခြင်းကြောင့်ဖြစ်သည်။ သဘာဝကျက်စားရာ နေရာများ ဆုံးရှုံးလာမှုနှင့် အခြားခြိမ်းခြောက်မှုများ ကြောင့် ကမ္ဘာပေါ်ရှိ နွားနောက်အရေအတွက် ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ဤပြဿနာကို ဖြေရှင်းရန် ခေတ်မီနည်းလမ်းများကို စမ်းသပ်အသုံး ပြုရန် အရေးကြီးပါသည်။ အသုံးပြုနိုင်သော ခေတ်မီ နည်းပညာများမှာ –

၁။ မေထုန်မဲ့မျိုးစပ်ခြင်း (Artificial Insemination–AI) နည်းပညာ
၂။ သားအောင်ချိန်ကိုထိန်းညှိခြင်း (Estrus Synchronization)
၃။ သန္ဓေသားလွှဲပြောင်းနည်းပညာ (Embryo Transfer Technology) တို့ဖြစ်သည်။

ဤသို့ သိပ္ပံနည်းကျမွေးမြူခြင်းအား နွားနောက် ၏ထုတ်လုပ်မှုစွမ်းရည်ကို စူးစမ်းလေ့လာခြင်းနှင့် ခေတ်မီဇီဝနည်းပညာများ (ဥပမာ – မျိုးပွားဆိုင်ရာ ဇီဝနည်းပညာ၊ အစာအာဟာရဖွံ့ဖြိုးရေးနည်းပညာ နှင့် ရောဂါရှာဖွေရေးတွင် နည်းပညာအသစ်များ အသုံးပြုခြင်း) မှတစ်ဆင့်သာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**နွားနောက် (*Bos frontalis*) ၏ အသားနှင့် နို့**

တောတောင်ထဲတွင် လွှတ်ကျောင်းမွေးမြူ ထားသောနွားနောက်များတွင် ဟော်မုန်းပါဝင်သော ထိုးဆေး၊ ပိုးသတ်ဆေး၊ ဓာတုမြေဩဇာစသည့် ဓာတုပစ္စည်းများမပါဝင်ခြင်းနှင့် အဆိပ်အတောက် ကင်းစင်ပြီး သဘာဝအတိုင်း ကြီးထွားခြင်းတို့ ကြောင့် နွားနောက်အသားနှင့် နို့သည် အာဟာရ ပြည့်ဝသော အော်ဂဲနစ်ထုတ်ကုန်များဖြစ်ကာ ဈေးကွက်တွင် အထူးတန်ဖိုးရှိသည်။ မြက်နှင့် သဘာဝအစာစားသုံးမှုကြောင့် မွေးမြူရေးနွားများမှ ထွက်ရှိသော အမဲသားထက် ပိုမိုမာကျောပြီးအရသာ ရှိခြင်း၊ အဆီပါဝင်မှုနည်းပြီး ကျန်းမာရေးနှင့် သင့်တော်ခြင်းတို့ကြောင့် နွားနောက်အသားကို အိန္ဒိယအရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ အနောက် မြောက်ဒေသနှင့် ဘူတန်တို့တွင် ရိုးရာဓလေ့ဆိုင်ရာ အခမ်းအနားများ၊ မင်္ဂလာဆောင်များနှင့် ဒေသခံ များ၏ နေ့စဉ်အစားအစာအဖြစ် စားသုံးကြပါသည်။ အထီးများကို သုံး၊ လေးနှစ်အရွယ်တွင် အသား ထုတ်လုပ်ရောင်းချနိုင်သည်။ အသားထွက်နှုန်း ပိသာ ၈၀–၂၀၀ ထိရှိနိုင်သည်။ နွားနောက်များကို အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် ဘူတန်နိုင်ငံတို့တွင် အဓိကအားဖြင့် နို့ထုတ်လုပ်ရန်အတွက် မွေးမြူ ကြသည်။ နွားနောက်၏နို့တွင် ထောပတ်ခဓာတ် ကြွယ်ဝသည်။ နွားနို့တွင် နို့ ၁၀၀ ဂရမ်လျှင် အဆီ ၃ ဒသမ ၃ ဂရမ်၊ ပရိုတင်း ၃ ဒသမ ၃ ဂရမ်နှင့် နှိုင်းယှဉ်ပါက နွားနောက်နို့တွင် အဆီ ၈ ဒသမ ၉ ဂရမ်/၁၀၀ ဂရမ်၊ ပရိုတင်း ၆ ဒသမ ၅ ဂရမ်/ ၁၀၀ ဂရမ် ပိုမိုပါဝင်သည်။ နွားနောက်နို့၏ ဖွဲ့စည်းမှုသည် သာမန်နွားနို့ထက် အဆီနှင့် ပရိုတင်းပါဝင်မှု ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ နို့တိုက်နှောင်း ကာလရှိ နွားနောက်တစ်ကောင်၏ နို့တွင် ပရိုတင်း ၆ ဒသမ ၇၈ ဂရမ်/၁၀၀ ဂရမ်၊ အဆီ ၁၀ ဒသမ ၃ ဂရမ်/၁၀၀ ဂရမ် ပါဝင်သည်။ နွားနောက် သည် အာတိတ်ဒေသသတ္တဝါမဟုတ်သော်လည်း ၎င်း၏နို့အဆီပါဝင်မှုမြင့်မားခြင်းမှာ ပင်လယ်ရေ မျက်နှာပြင်အထက် ၁၀၀၀–၃၀၀၀ မီတာအမြင့်ရှိ နေထိုင်ရာဒေသကြောင့် ဖြစ်နိုင်သည်။ ထို့ပြင် နွားနောက်နို့၏အဆီနှင့် ပရိုတင်းမြင့်မားမှုမှာ မျိုးရိုး ဗီဇထူးခြားမှုနှင့် နို့ထွက်နှုန်းနည်းပါးမှုတို့ကြောင့် လည်း ဖြစ်နိုင်သည်။

**မွေးမြူသောစနစ်**

မြန်မာနိုင်ငံတွင် နွားနောက် –Mithun မွေးမြူ ခြင်းကို အထူးသဖြင့် ချင်းပြည်နယ်၏ တောင်တန်း ဒေသများတွင် ရိုးရာမွေးမြူခြင်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

➢ **သဘာဝအတိုင်း လွှတ်ကျောင်းစနစ် (Free–grazing system)**
- နွားနောက်များကို သစ်တောများအတွင်း လွတ်လပ်စွာ လှည့်လည်ကျက်စားခွင့်ပေး ထားပြီး ညဘက်တွင် ကျေးရွာသို့ ပြန်ခေါ် လေ့ရှိသည်။
- အထီးများမှာ တောထဲတွင် အချိန်ပြည့် နေလေ့ရှိပြီး အမများကို သားမွေးချိန် နီးပါက ယာယီခြံများတွင် ထားရှိ သည်။

➢ **တစ်ဝက်လွှတ်ကျောင်းပေါင်းစပ်မွေးမြူခြင်း (Semi–wild management)**
- နွားနောက်များကို မိုးရာသီနှင့် မျိုးပွား ကာလများတွင် လွတ်လပ်စွာ လှည့်လည် စားသောက်ခွင့်ပြုသည်။ သဘာဝ အလျောက် မိတ်လိုက်ခြင်း၊ အုပ်စုဖွဲ့ခြင်း များဖြင့် မျိုးရိုးဗီဇကောင်းသော သားကောင်းများ မွေးဖွားလာစေသည်။

➢ **ဆားဖြင့်သာ ထိန်းချုပ်မွေးမြူခြင်း**
- ဒေသခံများသည် ဆားကိုအဓိကအသုံးပြု၍ နွားနောက်များကို ထိန်းသိမ်းသည်။ ဆား သည် နွားများအား ခြံအနီးသို့ ဆွဲဆောင်ရန် သဘာဝနည်းလမ်းဖြစ်သည်။ ဆားလောင်း ခြင်း (Salt Licking) ဖြင့် နွားများ၏ သတ္တု ဓာတ် လိုအပ်ချက်ကို ဖြည့်ဆည်းပေး သည်။

➢ **အနည်းငယ်သာ အမိုးအကာသုံးခြင်း (Limited Housing)**
- သားမွေးခါနီးအမများအတွက်သာ ယာယီ ခြံများပြုလုပ်ပေးပြီး ပုံမှန်အားဖြင့် အခြား နွားနောက်များကို အမိုးအကာမဲ့စနစ် ဖြင့်မွေးမြူကြကာ မိုးရာသီနှင့် အေးသော ရာသီတွင် သစ်ရွက်များဖြင့် ကာကွယ်ပေး လေ့ရှိသည်။

➢ **နေ့ပိုင်းလွှတ်ကျောင်း၊ ညပိုင်းခြံခတ်မွေးမြူခြင်း**
- **နေ့အချိန်** – တောတွင်း/မြက်ခင်းပြင်များ တွင် လွှတ်ကျောင်းကာ သဘာဝမြက်၊ သစ်ရွက်များ စားခွင့်ပြုသည်။
- **ညအချိန်** – ခြံအတွင်းသို့ပြန်ခေါ်၍ လုံခြုံရေး နှင့် သားရဲတိရစ္ဆာန်အန္တရာယ်မှ ကာကွယ် သည်။

➢ **စိုက်ပျိုးရာသီတွင် ခြံလှောင်မွေးခြင်း**
- ခြံလှောင်စနစ်တွင် သုံးနှစ်တစ်ကြိမ်နေရာ ပြောင်းပြီး ခြံဟောင်းနေရာကို တောင်ယာ စိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုကြပါ သည်။

နွားနောက်၏ ကျန်းမာရေးဆိုင်ရာလေ့လာမှု များနှင့်ပတ်သက်သောစာတမ်းများသည် ရှားပါးပြီး ၎င်းတို့၏ရောဂါများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသေး စိတ်အချက်အလက်များ လုံလောက်စွာမရှိသေးပါ။ ထို့ကြောင့် သိပ္ပံနည်းကျလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပြီး ဤတိရစ္ဆာန်၏ –

- ရောဂါဖြစ်ပွားနှုန်း (disease prevalence)
- ရောဂါခံနိုင်ရည် (tolerance)
- ရောဂါထိခိုက်လွယ်မှု (susceptibility)

တို့ကို သုတေသနပြုကာ ကျန်းမာရေးစီမံခန့်ခွဲမှု နည်းလမ်းများ ပိုမိုကောင်းမွန်စေရန်နှင့် သေဆုံးမှု နှုန်းနှင့် စီးပွားရေးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် ကြိုးပမ်းသင့်ပါသည်။

ယနေ့ခေတ် နွားနောက်မွေးမြူရေးမှာ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမွေးမြူရေး နည်းလမ်းများဖြင့်သာ မွေးမြူကြသည်။ နွားနောက် ၏ထုတ်လုပ်မှုစွမ်းရည်နှင့် တိုင်းရင်းသားကျေးရွာ များ၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ရန် သိပ္ပံနည်းကျမွေးမြူမှုများနှင့် ဆန်းသစ်တီထွင်မှုများ လိုအပ်နေပါသည်။ နွားနောက်၏ အသားနှင့်နို့တွင် ထူးခြားကောင်းမွန်သော ဂုဏ်သတ္တိများရှိပြီး ၎င်း၏ အာဟာရပြည့်ဝသော နို့ဖြင့် ထုတ်ကုန်များထုတ်လုပ် ရန် အခွင့်အလမ်းများရှိသည်။ နွားနောက်နို့ထွက် ပစ္စည်းများကို တန်ဖိုးမြှင့်တင်ခြင်းနှင့် မျိုးကွဲပစ္စည်း များဖန်တီးခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ ဝင်ငွေကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ နွားနောက် အရေအတွက်သည် တဖြည်းဖြည်းလျော့နည်းလာ လျက်ရှိသည်။ ထိုသို့လျော့နည်းရခြင်းမှာ အဓိက အားဖြင့် နွားနောက်အထီးများ ဒေသတွင်း၌မရရှိ နိုင်ခြင်း၊ မျိုးမတူသွေးနှောခြင်းအလေ့အထများ တိုးပွားလာခြင်း၊ စားကျက်မြေများလျော့နည်းလာ ခြင်းနှင့် နွားနောက်မွေးမြူရေးဒေသများတွင် သင့်လျော်သောမွေးမြူရေးနှင့် အစာကျွေးမွေးရေး စီမံခန့်ခွဲမှုစနစ်ကို ယခုတိုင်တည်ထောင်နိုင်ခြင်း မရှိသေးသောကြောင့်ဖြစ်သည်။ နွားနောက်သည် အဓိကအားဖြင့် တောထဲမှအပင်၊ သစ်ရွက်နှင့် မြက်များကိုသာ စားသုံးသောကြောင့် အော်ဂဲနစ် ထုတ်ကုန်များဖွံ့ဖြိုးရန် ကောင်းမွန်သော အခွင့်အလမ်း ရှိသည်။ ထို့ပြင် နို့ထုတ်လုပ်မှုသည်လည်း စီးပွား ရေးအရအကျိုးအမြတ်ရှိသည်။ ထို့ကြောင့် နွားနောက်မွေးမြူရေးလုပ်ငန်းကို စီးပွား ဖြစ်အောင်မြင်စေရန်နှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုး ရေးအတွက် အကျိုးပြုနိုင်စေရန် ခေတ်မီနည်းလမ်း များဖြင့် မြှင့်တင်သင့်ပါသည်။ ရေရှည်တွင် ဤကဲ့သို့ သောလုပ်ဆောင်ချက်များသည် ဟိမဝန္တာဒေသ၏ ကြွယ်ဝသော ယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင် သာမက ဒေသတွင်းရှိ သဘာဝထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်သည်။ ဤသို့ဖြင့် နွားနောက်နှင့်ဆက်စပ်သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရင်း တစ်ချိန်တည်းမှာပင် ဒေသဖွံ့ဖြိုးရေးကိုပါ အထောက် အကူဖြစ်စေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါ သည်။ ။

■

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ဘော်လီဘောအသင်းထံ အောင်နိုင်ရေးအလံပေးအပ်




တောင်ကြီး ဇွန် ၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ဘော်လီဘောအသင်းထံ အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ် ဘော်လီဘောလက်ရွေးစင် အမျိုးသား အမျိုးသမီးအသင်းဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် ဘော်လီဘောလက်ရွေးစင်အသင်းထံ အောင်နိုင်ရေးအလံနှင့် ပြိုင်ပွဲကုန်ကျစရိတ်များကို ရှမ်းပြည်နယ် ဘော်လီဘောအသင်း အုပ်ချုပ်သူများထံလည်းကောင်း၊ ရှမ်းပြည်နယ် ဘော်လီဘောအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အလှူငွေများကို တာဝန်ရှိသူများထံလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ် ဘော်လီဘောအသင်း နည်းပြချုပ် ဦးဌေးအောင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၁၂ ရက်အထိ ပြည်နယ်လေ့ကျင့်ရုံကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှု



တပ်ကုန်း ဇွန် ၂

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အခြေခံပညာကျောင်းသန့်ရှင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ ဆရာစံရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စာသင်ဆောင်များ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ ဗိုလ်မင်းရောင်ရပ်ကွက် ဗိုလ်မင်းရောင်တိုးချဲ့(၇) လမ်းဘေး ရေဆိုးထုတ်မြောင်း ကွင်းအမှတ် ၁၄၅၃၊ ၁၄၅၈ ကြို့ကုန်းကွင်း ရေလွှမ်းမိုးမှုမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့် ရေဆိုးထုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကင်းသာကျေးရွာအုပ်စုတွင် ဆိတ်မတည်ပေးစနစ်ဖြင့် ဒေသဆိတ်မွေးမြူရေး ထူထောင်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# နေပြည်တော်နှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် သားငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဇွန် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်) နှင့် မန္တလေးမြို့များအတွင်း လျှော့ဈေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန် ၂ ရက်တွင် ၆၃ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဆက်လက်ရောင်းချပေးသွားမည်**

ဇွန် ၂ ရက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း လျှော့ဈေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ– Export Quality) ၃၄ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၆ အိတ်၊ ဆီ ၇၂၅ ပိဿာ၊ ဆား ရှစ်ပိဿာ ၂၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၂၈ ထုပ်၊ ငါးပိ တစ်ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ကြက်ဥအလုံး ၂၀၀၊ ဘဲဥအလုံး ၅၀၊ ခေါက်ဆွဲခြောက် ကိုးထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇွန် ၂ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား နှစ်ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ငါးထုပ်၊ ကြက်ဥအလုံး ၂၆၀၀၊ ဘဲဥအလုံး ၆၈၀ နှင့် ခေါက်ဆွဲခြောက် ၅၅ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဇွန် ၂

ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းဖြင့် ဆောင်ရွက်မည့် အခြေခံစက်ချုပ်



နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ က သင်တန်းသုံးပစ္စည်းများအား သင်တန်းသူများထံ ပေးအပ်ပြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မိုးလှိုင်က စီမံကိန်းလုပ်ငန်းအား အဖွဲ့ခေါင်းဆောင်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ဇွန် ၂ ရက်မှစ၍ သင်တန်းသားများအား ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ သင်တန်းနည်းပြများက တစ်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ဒေသန္တရကျန်းမာရေးဌာနခွဲမှ ဆီးချို၊ သွေးတိုးနှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှာက်မှုပေးခြင်းနှင့် အသိပညာပေးခြင်း ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် ဒေသန္တရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ထိုသို့ ကုသပေးရာတွင် သက်ကြီးရွယ်အိုများကို သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချိုရောဂါသွေးဖောက်စစ်ဆေးခြင်းများ၊ ကိုယ်အလေးချိန် တိုင်းတာခြင်းတို့ဖြင့် လိုအပ်သည့်ဆေးဝါးများကို ထုတ်ပေးပြီး ဒေသန္တရကျန်းမာရေးဌာနခွဲဆရာ ဆရာမများနှင့် ဝန်ထမ်းများက ကုသပေးလျက်ရှိသည်။

ဆက်လက်၍ သက်ကြီးရွယ်အိုများကို ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါအန္တရာယ်ကာကွယ်နိုင်ရန်အတွက် အချိုအငန် လျှော့စားရန်နှင့် သွေးလည်ပတ်မှုကောင်းစေရန် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းများပြုလုပ်ပြီး လေဖြတ်ခြင်းရောဂါကို ကာကွယ်နိုင်ရေးတို့အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကြူကြူသင်းက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## ဇွန်လ ဘာလို့ထူးခြားလဲ

မြန်မာနိုင်ငံမှာ **ဇွန်လဆိုတာ** စိတ်လှုပ်ရှားစရာအများကြီးပဲ။ ကျောင်းသားလေးတွေအတွက် **ကျောင်းပြန်ဖွင့်ပြီဆိုတော့** အတန်းသစ်တက်ပြီး စာတွေအများကြီး ထပ်သင်ရတော့မယ်။ ပျော်စရာကောင်းတဲ့ စတင်မှုအသစ်တစ်ခုပါ။

ဒါပေမဲ့ ဇွန်လက ကျောင်းသား ကျောင်းသူတွေအတွက်ချည်းပဲ သက်ဆိုင်တာမဟုတ်ဘူးနော်။ **တောင်သူဦးကြီးတွေ၊ လယ်ယာဦးကြီးတွေအတွက်လည်း** အလွန်အရေးကြီးတဲ့အချိန်ပဲ။ **မိုးတွင်းကာလစပြီ** ဆိုတော့ လယ်ထဲဆင်းပြီး၊ ယာထဲဆင်းပြီး စပါးတွေ၊ သီးနှံတွေ စိုက်ပျိုးဖို့ ကြိုးစားကြပြီ။ မိုးရေက အပင်တွေကို ကြီးထွားသန်မာအောင် ကူညီပေးတယ်လေ။ ဒါကြောင့် ဇွန်လဟာ ကျောင်းသားရော၊ တောင်သူလယ်သမားတွေပါ အလုပ်များပြီး ပျော်စရာကောင်းတဲ့လပဲ။

**နယုန်လပြည့်နေ့** (ဇွန်လထဲမှာ ကျရောက်တယ်) ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် **မဟာသမယအခါတော်နေ့**လို့ခေါ်တဲ့ အလွန်ထူးခြားတဲ့နေ့တစ်နေ့ပါ။ ဒီနေ့မှာ ဘုရားရှင်က ရေကြောင့် စစ်ဖြစ်တော့မယ့် နိုင်ငံနှစ်ခုကို ငြိမ်းချမ်းအောင်လုပ်ပေးခဲ့တယ်။ ရဟန်း ၅၀၀ လည်း ရဟန္တာဖြစ်ခဲ့ကြသလို နတ်ဗြဟ္မာတွေလည်း တရားနာဖို့ စုဝေးခဲ့ကြတယ်။ ဒါကြောင့် ထူးခြားတဲ့နေ့တစ်နေ့ပါ။

**June in Myanmar**

In Myanmar, June is a very active month! It's the exciting start of the new school year for students, a fresh beginning for learning. For farmers, it's when the rainy season begins, and they get busy planting their crops. So, June is important for both students and farmers.

**Nayone Full Moon Day**

Nayone Full Moon Day, usually in June, is a special Buddhist holiday called Mahasamaya Day. On this day, the Buddha stopped a war between two kingdoms, 500 monks became enlightened, and many heavenly beings gathered to hear his teachings.


**How to Write in English**

**1. Read & Think**

- **What is it about?** What's the main topic?
  - *Example: The text is about June in Myanmar and Nayone Full Moon Day.*
- **What happens?** What are the key events or facts?
  - *Example: In June, school starts. Farmers plant crops. Buddha stopped a war on Nayone Full Moon Day.*

**2. Find Important Words**

- **List keywords** (June, school, farmers, Buddha, peace).



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

  - *Example: **June, school, farmers, rainy season, Nayone Full Moon Day, Buddha, peace.***

**3. Make Short Sentences**

Now, use your keywords to create simple, short sentences. Don't worry about making them perfect yet!

- **Use your keywords!**
  - *Example: **June** is busy.*
  - *Example: **School** starts.*
  - *Example: **Farmers** plant.*
  - *Example: **Buddha** helped.*
  - *Example: There was **peace**.*

**4. Put Sentences Together**

Combine your short sentences to form a small story or a few connected ideas.

- **Link your short sentences to tell a little story.**
  - *Example: **In June, school starts.** It's a busy time for students. **Farmers plant crops** because the **rainy season** begins. **Nayone Full Moon Day** is special. The **Buddha** made **peace.***

| | |
|---|---|
| June | ဇွန်လ |
| active | တက်တက်ကြွကြွ |
| start | စတယ် |
| new school year | စာသင်နှစ်သစ် |
| learning | လေ့လာဆည်းပူးတယ် |
| farmers | လယ်သမား |
| rainy season | မိုးရာသီ |
| planting | စိုက်တယ် |
| crops | ကောက်ပဲသီးနှံ |
| important | အရေးကြီး |
| Nayone Full Moon Day | နယုန်လပြည့်နေ့ |
| special | ထူးခြား |
| Buddhist holiday | ဗုဒ္ဓဘာသာအားလပ်ရက် |
| Mahasamaya Day | မဟာသမယနေ့ |
| Buddha | ဗုဒ္ဓ |
| stopped | ရပ်တန့် |
| war | စစ်ပွဲ |
| kingdom | ဘုရင်အုပ်ချုပ်သောနိုင်ငံ |
| monk | ဘုန်းကြီး/ရဟန်း |
| enlightened | ဉာဏ်အလင်းရ |
| heavenly beings | နတ်ဗြဟ္မာများ |
| gathered | စုဝေး |
| hear | နာယူ |
| teachings | တရားတော် |

**သင်ခန်းစာ**

ဇွန်လက စာသင်နှစ်သစ်စတဲ့လဖြစ်လို့ စာကြိုးစားရမယ်။ တောင်သူဦးကြီးတွေလည်း မိုးရာသီမှာ စပါးစိုက်ရလို့ အလုပ်တွေရှုပ်ကြတယ်။ ဘုရားရှင်ကလည်း ငြိမ်းချမ်းရေးကို တည်ဆောက်ပေးခဲ့တယ်။ ဒါကြောင့် ဒီလမှာ လူတိုင်း ကြိုးစားကြတယ်၊ တို့လည်း အတူတူကြိုးစားပြီး ပျော်ပျော်ရွှင်ရွှင်နေကြမယ်။

## ပုဒ်ဖြတ်အမှားများ

**လှသမိန်**

(၂၇-၅-၂၀၂၅ ရက်နေ့မှအဆက်)

ခ

၁။ **ကိုယ့် ကိုယ်ကိုကိုယ်ကိုယ်တိုင်ဖန်တီးပါ။**
ဤသို့ရေးလျှင် အဖတ်ရခက်ချေသည်။

၂။ **ကိုယ့် ကိုယ်ကိုကိုယ် ကိုယ်တိုင် ဖန်တီးပါ။**
ဟုရေးလျှင် ရှင်းပေမည်။

၁။ **သဘောမတူတူတူ တူတူတူ အရေးမကြီးပါ။**
ဤသို့ရေးလျှင် အဖတ်ရခက်ချေမည်။

၂။ **သဘော မတူတူတူ၊ တူ တူတူ၊ အရေးမကြီးပါ။**
ဟုရေးလျှင် ရှင်းပေမည်။

ဂ

၁။ **ဆရာမ ပြနည်းမကျ။**
ဆရာမသည် စာပြနည်း ညံ့ဖျင်းသည်။
ပြသပုံနည်းမကျဟု ဆိုရာရောက်သည်။

၂။ **ဆရာမပြ၊ နည်းမကျ။**
ဆရာပြသပေးခြင်းမရှိလျှင်၊ နည်းမကျနိုင်ဟုဆိုရာရောက်သည်။

ဃ

၁။ **အဆုံးအဖြတ်ကိုအတည်ပြုပြီး နောက်အခြေအနေအရ လုပ်ကိုင်ရမည်။**
အဆုံးအဖြတ်ကို အတည်ပြုသော်လည်း နောက်အခြေအနေမည်သို့ရှိမည်ကို စောင့်စားလုပ်ကိုင်ရမည်ဟု ဆိုလိုသည်။

၂။ **အဆုံးအဖြတ်ကို အတည်ပြုပြီးနောက် အခြေအနေအရ လုပ်ကိုင်ရမည်။**
အဆုံးအဖြတ်ကို အတည်ပြုပြီးလျှင် တည်ဆဲအခြေအနေအရပင် လုပ်ကိုင်ရမည်ဟု ဆိုလိုသည်။

င

၁။ **ဤသစ်သီး စား ကောင်းသလား။**
ဤသစ်သီးကို စား၍အရသာခံရသလား၊ ချိုမြိန်ကောင်းမွန်သလားဟု မေးသည်။

၂။ **ဤသစ်သီး စားကောင်း သလား။**
ဤသစ်သီးသည် အဆိပ်အတောက်ရှိသလား၊ စားလျှင်အန္တရာယ်ရှိနိုင်သလားဟု မေးသည်။

စ

၁။ **၅၀-ကျော်ရာ ဂသောင်းကျန်းသူလည်း ပါ၏။**
လူငါးဆယ်ကျော်လေရာ သောင်းကျန်းသူ ၈ ဦးပါသကဲ့သို့ အဓိပ္ပာယ်ရောက်နေလေသည်။

၂။ **၅၀-ကျော် ရာဂသောင်းကျန်းသူလည်း ပါ၏။**
အသက်ငါးဆယ်ကျော် ရာဂသောင်းကျန်းသူပါရှိသည်ကို ဆိုရာရောက်သည်။ **ကိန်းဂဏန်းကို အက္ခရာဖြင့် ဖြစ်စေ၊ ကွင်းပိတ်၍ဖြစ်စေရေးသင့်၏။**

ဆ

၁။ **ငွေကို သူတို့ပြန်၍ မဆပ်နိုင်။**
ငွေကို သူက တို့ထိသုံးစွဲမိပြန်သောကြောင့် မဆပ်ပေးနိုင်ဟု အဓိပ္ပာယ်ပေါက်သည်။

၂။ **ငွေကို သူတို့ ပြန်၍မဆပ်နိုင်။**
ငွေပြန်ဆပ်ရမည်ကို သူတို့ပြန်၍မပေးဆပ်နိုင်ကြောင်း ဖော်ပြသည်။

ဇ

၁။ **ဆေးပုလင်းအား အဖုံးကိုပိတ် ကာကွယ်ရာ၌ ထားရမည်။**
ပိတ်ကန့်လန့်ကာ၏ နောက်ကွယ်၌ထားရမည်ဟု အဓိပ္ပာယ်ပေါက်သည်။

၂။ **ဆေးပုလင်းအား အဖုံးကိုပိတ်ကာ ကွယ်ရာ၌ထားရမည်။**
အဖုံးပိတ်ပြီးနောက် မှောင်ရာ၊ ကွယ်ရာ၌ ထားရမည်ဟု နားလည်နိုင်သည်။

ဈ

၁။ **မမိစာ ခြောက်ခါ လယ်စောင့်သည်။**
မမိစာဆိုသူသည် လယ်ကို ခြောက်ကြိမ်တိုင်စောင့်သည်ဟု အဓိပ္ပာယ်ရသည်။

၂။ **မမိ စာခြောက်ခါ(ကာ) လယ်စောင့်သည်။**
မမိဆိုသူသည် စာကလေးငှက်ကို ခြိမ်းခြောက်မောင်းထုတ်ကာ လယ်ကိုစောင့်သည်ဟု အဓိပ္ပာယ်ရသည်။

ည

၁။ **သူသည် ရုပ်ရှင်နှင့်ဘောလုံး ပွဲကြည့်ခြင်းကို ဝါသနာပါသည်။**
ရုပ်ရှင်၊ ဘောလုံးနှင့် ပွဲသဘင်ကို ဆိုလိုသည်။

၂။ **သူသည် ရုပ်ရှင်နှင့် ဘောလုံးပွဲကြည့်ခြင်းကို ဝါသနာပါသည်။**
ရုပ်ရှင်ကြည့်ခြင်း၊ ဘောလုံးပွဲကြည့်ခြင်းကို ဝါသနာပါသည်ဟု ဆိုလိုသည်။

ဋ

၁။ **စိုးရိမ်သောက ဗျာပါဒ မရှိသင့်။**
သောကနှင့် ဗျာပါဒနှစ်မျိုးကိုဆိုသည်။ (ဗျာပါရနှင့် တခြားစီဖြစ်၏)

၂။ **စိုးရိမ်သော ကဗျာပါဒ မရှိသင့်။**
စိုးရိမ်သော ကဗျာ၏ပါဒဟု အဓိပ္ပာယ်ထွက်နေသည်။

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

# ကျောက်ဆည်ခရိုင်အတွင်း မိုးကြိုဝါများ စတင်ထွက်ပေါ်လျက်ရှိ

ကျောက်ဆည် ဇွန် ၂

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခု ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဈေးကွက်ဝယ်လိုအားကောင်းသော ဝါသီးနှံကို မိုးကြိုဝါ၊ မိုးဝါနှင့် မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြပြီး ကျောက်ဆည်မြို့နယ်တွင် ဧက ၁၀၀၀၊ မြစ်သားမြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၂၂၂၅ ဧကစိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



**စိုက်ပျိုး**

မိုးကြိုဝါကို ဧပြီလတွင် စတင်စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် မိုးကြိုဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ B31၊ Raka- 666 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးထုပ်နှစ်ထုပ်ခွဲခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မိုးကြိုဝါသီးနှံကို ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ဝါပိဿာချိန် ၈၀၀ မှ ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဝါစတင် ထွက်ပေါ်ချိန်မှစ၍ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး အရည်အသွေး ပိုမိုကောင်းမွန်သော ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းပိုမိုရရှိနိုင်ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်နှင့် မြစ်သားမြို့ရှိ ပွဲရုံများမှတစ်ဆင့် မန္တလေးစက်မှုချည်မျှင်နှင့် ရက်ကန်းစက်ရုံများသို့ တင်ပို့ရောင်းချကြကြောင်း မိုးကြိုဝါစိုက်ပျိုးတောင်သူ တစ်ဦးထံမှ သိရသည်။



# ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူး ဇွန် ၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော ရုံးပတီသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။


ရုံးပတီသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ တစ်ကေလျှင် မျိုးစေ့ ရှစ်ထုပ်ခန့် ကုန်ကျကြောင်း၊ တန်းခြားသုံးပေ၊ ပင်ခြား တစ်ပေမှ တစ်ပေခွဲထား၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၃၀၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို နှစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကေလျှင် ရုံးပတီသီးအတောင့်ရေ ၁၇၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ဒေသတွင်းသို့ ပြန်လည်ရောင်းချကြကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

# သခွားသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေး ဇွန် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး မိသားစုအပိုဝင်ငွေရရှိရန်အတွက် မြုပ်သခွားသီးနှံ(ခ)သခွားရှည်သီးနှံများကို စိုက်ပျိုးလာကြကြောင်း သိရသည်။

သခွားသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ သခွားသီးကို ၂-၃ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အလုံးရေ ၃၀၀ မှ ၄၀၀ ခန့် ထွက်ရှိရာ တစ်ကေလျှင် သခွားသီး အလုံးရေ ၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ သခွားသီးသည် လူကြိုက်များပြီး ဝယ်လိုအားရှိသောကြောင့် သခွားသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ ဝင်ငွေရရှိကြောင်း သိရသည်။





# ကြက်သွန်နီ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မြင်းခြံ ဇွန် ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကြက်သွန်နီကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ဆောင်းကြက်သွန်နီကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး လေးလခန့်အကြာ မတ်လနှင့် ဧပြီလတို့တွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ရွှေဖလားကြက်သွန်နီဥမျိုးများကို စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးဥ ၃-၄ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းရင့်ချိန်တွင် ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၂၉-၃၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ကြက်သွန်နီ ပိဿာချိန် ၃၄၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန် (ဘုရင့်နောင်ပွဲရုံ)၊ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ကြက်သွန်နီသီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၂-၆-၂၀၁၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်များအလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၉၂၅ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၃၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၄၁၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၇၅ | ၁၂၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၁၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၅၀၀ | ၁၅၄၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၀၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၁၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၆၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၅၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၇ /၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Pipeline Freespan Survey and Rectification ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001 (25-26)CAP | 24" MOGE Offshore Domestic Gas Pipeline Freespan Survey and Rectification | Kyats |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၆-၂၀၂၅ ရက်နေ့မှစတင်၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၂၅ ရက်နေ့ (၁၃:၃၀) နာရီတွင် နောက်ဆုံးထား၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၃၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ မြောက်ချောကုန်းကျေးရွာ၊ ရန်ကုန်ပြည်လမ်း၊ ဦးပိုင်အမှတ်(N-67)၊ ကွင်းအမှတ်(၆၆၄)၊ ကွင်းအမည်-ကျွဲကျကွင်း၊ ဧရိယာ(၂)ဧကရှိ ခြံမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသူများဖြစ်ကြသည့် ဦးကျော်ဇေယျ [၁၄/ကခန(နိုင်)၀၃၅၅၅၂]နှင့် ဒေါ်ခင်လတ် [၁၀/မလမ(နိုင်)၀၄၈၃၈၈] တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးနိန်ခန့်ပေါင် [၅/ကလထ (နိုင်) ၀၁၇၀၁၂]က စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဆီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)**
**အမှတ်-၁၈၆/၂-လွှာ၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်။ ဖုန်း-၀၉-၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၂၆၃)၊ မင်းရဲကောင်းပုံလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ **ဒေါ်နော်လွဲထူး** (HGU-၀၀၁၈၆၀) [၁၂/အစန(နိုင်)၀၁၇၆၂၈] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးခင်မောင်ဝင်း**[၁၂/ဥကတ(နိုင်)၁၄၃၆၉၁]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ရီရီဝင်းရွှေ** [၁၁/မအန(နိုင်)၀၄၅၀၉၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဝင်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ ရောဝဏ်(နီလာလမ်းသွယ်)၊ တိုက်အမှတ်၂၂)၊ (၄)ခန်းတွဲ၊ (၅)ထပ်တိုက်၏ အခန်းအမှတ်(၂၀၄)၊ အကျယ်အဝန်း (၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်လှလှဝင်း(ခ)ဒေါ်ပစ်စလာ [၁၂/ရကန(နိုင်)၀၅၉၄၆၃]ထံမှ အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသူရကျော် [၁၂/ဗဟန(နိုင်)၀၀၀၄၅၅]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ မူရင်းများတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါ က ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရကျော်၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09-972734996, 09-881181988**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် (၃၀) ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ) ခေါင်းရင်းခန်း (ယာ)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား မြေရှင်များနှင့် ကန်ထရိုက်တို့ အကျိုးတူကန်ထရိုက်တိုက်ဆောက်လုပ်ရာမှ မြေရှင်များမှပိုင်ဆိုင်လာပြီး မြေရှင် ဦးညွှန့်ကြည် [၁၂/စခန(နိုင်)၀၄၄၃၀၃]နှင့် မြေရှင် ၁။ ဒေါ်ငွေးမြင့်အေး (မိခင်) [၁၂/စခန(နိုင်)၀၄၃၄၃၈]၊ ၂။ မောင်ကျော်ဝင်းထွန်း(သား) [၁၂/စခန(နိုင်)၀၅၄၇၃၃]၊ ၃။ မနန္ဒာဝင်းနိုင် (သမီး) [၁၂/စခန(နိုင်)၀၅၄၇၃၂] တို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိစာချုပ်အရ မြေရှင် ဒေါ်ငွေးမြင့်အေး မိသားစုမှ ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပါသည်။ မိခင်ကြီး ဒေါ်ငွေးမြင့်အေးနှင့် ဖခင်ကြီး ဦးဝင်းနိုင်တို့မှာလည်း ကွယ်လွန်သွားပြီး ၎င်းတို့၏ သားဖြစ်သူ ဦးကျော်ဝင်းထွန်းမှာလည်း ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ သမီးဖြစ်သူ ဒေါ်နန္ဒာဝင်းနိုင်နှင့် ဦးကျော်ဝင်းထွန်း [၁၂/စခန(နိုင်)၀၅၄၇၃၃] ၏ ဇနီးဖြစ်သူ ဒေါ်အေးအေးငြိမ်း [၁၂/စခန(နိုင်)၀၄၂၀၆၁]တို့ထံမှ ဒေါ်ဆယ်ရဂျစ်ကော [၁၂/စခန(နိုင်)၀၅၆၇၈၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆) လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:09-767772099, 09-799933939, 09-987869667**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၄၁/ဟ-၁B)၊ (၀.၀၆၈၅ဧက)ရှိ မြေပိုင်မြေ(အိမ်ရာမြေ)မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အရပ်အခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ်(၁၆)ဟုခေါ်တွင်သောအိမ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စုစုသိန်း[၁၂/အလန(နိုင်)၀၁၆၉၁၆] ထံမှကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီဂိဦး[၁၂/ဒဂန(နိုင်)၀၂၀၁၈၆]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီဂိဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈၇/ ဥယျာဉ်စုကွင်း၊ ဦးပိုင်အမှတ်(၁၅၈/၂)၊ ဧရိယာ(၀.၅၄၈)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်စိန်စိန်မြင့်[၉/ပမန(နိုင်)၀၅၈၆၆၈]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **မြေငှားစာချုပ်သက်တမ်းတိုး** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်သက်တမ်းတိုး** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ **ဥရောပစူပါဖလားမှ**

တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိကာ ယူရိုပါလိဂ်ဖလား ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ဖလားကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးရယူဆွတ်ခူးခဲ့တာဖြစ်ပြီး စပါးအသင်းကလည်း ၁၇ နှစ်ကြာ စောင့်စားနေခဲ့ရတဲ့ ယူရိုပါလိဂ်ဖလားကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် (၁၃)ကြိမ်မြောက် ဥရောပစူပါဖလားပြိုင်ပွဲဟာ သာမန်ပွဲကစားချိန်အတွင်း သရေရလဒ်သာ ထွက်ပေါ်ခဲ့ပါက အချိန်ပိုကစားရမှာမဟုတ်ဘဲ ပင်နယ်တီအဆုံးအဖြတ် တိုက်ရိုက်ခံယူပြီး ပွဲရဲ့အနိုင်အရှုံးရလဒ်ကို ဆုံးဖြတ်မှာလည်း ဖြစ်ပါတယ်။

ဥရောပစူပါဖလားပြိုင်ပွဲရဲ့ သမိုင်းမှာ ဆုဖလားအများဆုံး ရယူဆွတ်ခူးထားတဲ့ အသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းဟာ ၂၀၂၄ ခုနှစ်အတွင်းက ဥရောပစူပါဖလားကို ခြောက်ကြိမ်မြောက်အဖြစ် စံချိန်တင်ဆွတ်ခူးထားတာ ဖြစ်ပါတယ်။

ငွေကြယ်

## သင့်သွေးဖြင့် အသက်ကယ်ပါ

# မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ဇွန် ၂၆ ရက်ပြုလုပ်မည်

**ရန်ကုန် ဇွန် ၂**

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ဇွန် ၂၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်မည်ဖြစ်သည်။

**ခြေစစ်ပွဲအောင်မြင်**

ယင်းခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီးလေးသင်းခြောက်အုပ်စု၊ သုံးသင်း နှစ်အုပ်စုခွဲပြုလုပ်မည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ရာတွင် Pot-1 ၌ အီရန်၊ ထိုင်း၊ ဂျပန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ အာဖဂန်နစ္စတန်၊ ကူဝိတ်၊ အီရတ်၊ Pot-2 ၌ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ ဆော်ဒီအာရေဗျ၊ ဩစတြေးလျ၊ လက်ဘနွန်၊ မြန်မာ၊ တောင်ကိုရီးယား၊ မလေးရှား၊ Pot-3 ၌ တရုတ်၊ တရုတ်တိုင်ပေ၊ ဘာရိန်း၊ ယူအေအီး၊ မော်လ်ဒိုက်၊ တီမော၊ မွန်ဂိုလီးယား၊ မကာအို၊ Pot-4 ၌ ဟောင်ကောင်၊ ဘရူနိုင်း၊ နီပေါ၊ပါလက်စတိုင်း၊ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံး ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ခုနစ်သင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**စခန်းဝင်လေ့ကျင့်**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲ စတင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ထိုင်းနိုင်ငံသား ပတ္တရားပီခွန်က နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး မတ်လကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MFF**



အာရှဖလား ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း။




# ONE Friday Fights 111 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက် တွဲဆိုင်းပါဝင်မည်

**ရန်ကုန် ဇွန် ၂**

ဇွန် ၆ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် ONE Friday Fights 111 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

ဆွန်ရက်သည် ထိုင်းဖိုက်တာ ပက်ဝီချစ်နှင့် ပြန်လည်ထိုးသတ်ရမည်ဖြစ်ပြီး မကျေပွဲတွေ့ဆုံခြင်းဖြစ်သည်။ ဆွန်ရက်နှင့် ပက်ဝီချစ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာတွင် ပထမအကြိမ် တွေ့ဆုံခဲ့ပြီးနောက် ခြောက်လနီးပါးအကြာတွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ကာ ပထမအကြိမ် တွေ့ဆုံရာတွင် ဆွန်ရက်က အမှတ်ဖြင့်အနိုင်ရထားသည်။

ဆွန်ရက်သည် ONE နှင့် လက်တွဲပြီးနောက် ၁၁ ပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ ငါးပွဲရှုံးနိမ့်ထားပြီး ပက်ဝီချစ်မှာမူ ONE နှင့် ရှစ်ပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ လေးပွဲသရေကျထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ONE Championship**

**အားကစား မြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်...**

❖ **ထိုသို့ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်လည်းဖြစ်...**

❖ **နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့်တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည်ဖြစ်သကဲ့သို့ ဒို့တာဝန်အရေး(၃)ပါးကို ပြည်သူနှင့်တပ်မတော် အတူတကွ ဦးထမ်းပွဲထမ်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ် စတင်ဆွတ်ခူး

**ရန်ကုန် ဇွန် ၂**

တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးရရှိသည်။

ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းက ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်ဆု

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ❂**




ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသား ပိုက်ကျော်ခြင်းအသင်း။

**ယနေ့ ဖတ်စရာ**

**အွန်လိုင်းမှတစ်ဆင့် ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းရောင်းချ၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော ချမ်းမြငြိမ်း(ခ) ချမ်းချမ်း(အဆိုတော်)၏ ခိုင်းစေမှုဖြင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးရွာသွန်းမှုများပြားသောကြောင့် ရပ်ကွက်များအတွင်း ရေကျော်မှုများဖြစ်ပွားသည့်နေရာများသို့ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်**

စာမျက်နှာ » ၁၇

# ဥရောပစူပါဖလားပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်တွင် အူဒီးနီးစ်အသင်း အိမ်ကွင်း၌ ကျင်းပမည်

၂၀၂၄-၂၀၂၅ ဘောလုံးရာသီရဲ့ ဥရောပစူပါဖလားပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှာ အီတလီစီးရီးအေကလပ် အူဒီးနီးစ်အသင်းရဲ့ အိမ်ကွင်း ဖရီယူလီကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ယခုဥရောပစူပါဖလားပြိုင်ပွဲမှာ ဥရောပရဲ့ အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ထားတဲ့ ပီအက်စ်ဂျီအသင်းနဲ့ ယူရိုပါလိဂ်ဖလား ချန်ပီယံစပါးအသင်းတို့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့တာဖြစ်ပြီး စပါးအသင်းကတော့ ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲမှာ ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူအသင်းကို

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖**

# MNL ယူ-၂၁ လူငယ်လိဂ်တွင် သစ္စာအားမာန်အသင်း နိုင်ပွဲဆက်

**ရန်ကုန် ဇွန် ၂**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ဇွန် ၂ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက Falcon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၅)တွင် နာမည်ကြီး ရန်ကုန်ယူနိုက်တက် အသင်းကို အနိုင်ကစားခဲ့သည့် သစ္စာအားမာန်အသင်းသည် ယခုတစ်ပတ်တွင်လည်း Falcon (ခ) မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင် အသင်းကို

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍**




သစ္စာအားမာန်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။